# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်

# အဋ္ဌမပုံမှန်အစည်းအဝေး

# (၁၂)ရက်မြောက်နေ့ မှတ်တမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၁ |
| ၃ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၃ |
| ၅ | ရှေ့နေလုပ်ငန်းကို မကြော်ငြာရဆိုသည့်အယူအဆကို ပြန်လည်စိစစ်သုံးသပ်ပြင်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၄ |
| ၆ | လယ်ယာမြေလုပ်ပိုင်ခွင့်ကိုရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်း တို့ကို ဆောင်ရွက်သည့်အခါ အခွန်တံဆိပ်ခေါင်းတန်ဖိုး မည်မျှကပ်ရမည်၊ စာချုပ်စာတမ်းမှတ်ပုံတင်ခ မည်မျှပေးသွင်းရမည်ကို ၂၀၁၂ ခုနှစ်၊ လယ်ယာမြေနည်းဥပဒေတွင် ပြဋ္ဌာန်းထားခြင်းမရှိသည့်အတွက် လယ်ယာမြေရောင်းဝယ်မှုအား တံဆိပ် ခေါင်းခွန်နှင့် စာချုပ်စာတမ်းမှတ်ပုံတင်များ၊ သတ်မှတ်နှုန်း ထားများ ပြဋ္ဌာန်းပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၆ |
| ၇ | ပျော်ဘွယ်မြို့နယ်အတွင်းမှ သာစည်မြို့နယ်၊ မင်းလှကန်အတွင်းသို့ စီးဝင်လျက်ရှိသော ချောင်းကောက် နှင့် မြင်းကျချောင်းများ ပိတ်ဆို့တိမ်ကောပြီး ချောင်းရိုးပြောင်းလဲခြင်းများကြောင့် ချောင်းရိုးများ ပြန်လည်တူးဖော်ထိန်းသိမ်းပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၉ |
| ၈ | လယ်ယာမြေပိုင်ဆိုင်မှုပုံစံ(၇)များကို မြန်ဆန်စွာနှင့် မှန်ကန်စွာထုတ်ပေးနိုင်ရန်၊ ကုန်ထုတ်လမ်းဖောက် လုပ်ရာတွင် ညှိနှိုင်းဆောင်ရွက်ရာ၌ အဆင်ပြေချောမွေ့စေရန်နှင့် မြေနကျွန်းပြဿနာများကို မြေပုံပေါ်တွင် ဖြေရှင်းနိုင်ရန် ခေတ်မီနည်းစနစ်များအပြင်(Drone)ဖြင့် တိုင်းတာပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၃ |
| ၉ | တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ကို မည်သည့်နေ့ရက်တွင် စတင်ဖွဲ့စည်းခဲ့ပါသနည်း၊ အဆိုပါအဖွဲ့၏ ဥပဒေပါရည်ရွယ်ချက်များ အောင်မြင်ရေးအတွက် မည်သို့ဆောင်ရွက်လျက်ရှိသည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း | ၁၇ |

| | | |
|---|---|---|
| ၁၀ | လေရှီးမြို့နယ်၊ ကူကီး၊ ကုံကိုင်လုံ၊ ပန်ဆပ်၊ ဖန်သရက်၊ ဟိန်ကွပ်၊ နမိယူပီအုပ်စုတို့နှင့် ဆွမ္မရာမြို့များရှိ လေကားထစ်လယ်ကွက်ငယ်များကို ကျွဲ၊ နွား အသုံးပြုနိုင်သည့် လယ်ကွက်များအဖြစ် ချဲ့ပေးရန်အတွက် ရန်ပုံငွေခွင့်ပြုပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၂၂ |
| ၁၁ | ဦးစိုင်းကျော်မိုး၊ မိုင်းပန်မဲဆန္ဒနယ်က နိုင်ငံတော်အစိုးရအနေဖြင့် ရခိုင်ပြည်နယ်အတွက် လွတ်လပ်သောကော်မရှင်တစ်ခုကို နိုင်ငံတကာမှ ပုဂ္ဂိုလ်ကြီးတစ်ဦးအပါအဝင် အဖွဲ့ဝင်သုံးဦးဖြင့် ဖွဲ့စည်းခြင်းနှင့် စပ်လျဉ်း၍ UNSC ကိုယ်စားလှယ်အဖွဲ့၏အကြံပြုချက်တွင် ပြည်ပမှအဖွဲ့ဖြင့် စစ်ဆေးခြင်းနှင့် ပြည်တွင်းအဖွဲ့ဖြင့် စစ်ဆေးခြင်းနည်းလမ်းနှစ်သွယ်ပါရှိရာ လွတ်လပ်သော နိုင်ငံတော်၏အချုပ်အခြာအာဏာနှင့် နိုင်ငံသားပြည်သူများ၏ဂုဏ်သိက္ခာကို လေးစား ယုံကြည်သောအားဖြင့် ပြည်တွင်းမှ ကျွမ်းကျင်ပညာရှင်များဖြင့်သာ ဖွဲ့စည်းဆောင်ရွက်ရေး ပြန်လည်စဉ်းစားဆုံးဖြတ်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အရေးကြီးအဆိုတင်သွင်းခြင်း | ၂၄ |
| ၁၂ | ဒေါ်ဝင့်ဝါထွန်း၊ ရှားတောမဲဆန္ဒနယ်က သမဝါယမဦးစီးဌာန၏ မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ် များကို အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ပြန်လည်ဆန်းစစ် သုံးသပ်ပြီး လိုအပ်သည့် ပံ့ပိုးမှုများအပါအဝင် ပြုပြင်ပြောင်းလဲမှုများအား အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့်အဆုံးအဖြတ်ရယူခြင်း | ၃၁ |
| ၁၃ | အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့သော အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၃၈ |
| ၁၄ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၃)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း | ၄၂ |

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမ ပုံမှန်အစည်းအဝေး

## (၁၂)ရက်မြောက်နေ့ အစီအစဉ်

## [ ၆–၆–၂၀၁၈ ] (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမ ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးခင်ဇော်၊ ကော့သောင်း မဲဆန္ဒနယ်၏ **ရှေ့နေလုပ်ငန်းကို မကြော်ငြာရ ဆိုသည့် အယူအဆကို ပြန်လည်စိစစ်သုံးသပ် ပြင်ဆင်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးအောင်သိုက်၊ ဆိပ်ဖြူ မဲဆန္ဒနယ်၏ **လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်း တို့ကို ဆောင်ရွက်သည့်အခါ အခွန်တံဆိပ်ခေါင်းတန်ဖိုး မည်မျှ ကပ်ရမည်၊ စာချုပ်စာတမ်းမှတ်ပုံတင်ခ မည်မျှပေးသွင်းရမည်ကို ၂၀၁၂ ခုနှစ်၊ လယ်ယာမြေနည်းဥပဒေတွင် ပြဋ္ဌာန်းထားခြင်းမရှိသည့် အတွက် လယ်ယာမြေရောင်းဝယ်မှုအား တံဆိပ်ခေါင်းခွန်နှင့် စာချုပ်စာတမ်းမှတ်ပုံတင်များ၊ သတ်မှတ်နှုန်းထားများ ပြဋ္ဌာန်း ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးသောင်းအေး၊ ပျော်ဘွယ် မဲဆန္ဒနယ်၏ **ပျော်ဘွယ်မြို့နယ်အတွင်းမှ သာစည်မြို့နယ်၊ မင်းလှကန်အတွင်းသို့ စီးဝင်လျက်ရှိသော ချောင်းကောက်နှင့် မြင်းကျချောင်းများ ပိတ်ဆို့တိမ်ကောပြီး ချောင်းရိုးပြောင်းလဲခြင်းများကြောင့် ချောင်းရိုးများပြန်လည်တူးဖော် ထိန်းသိမ်းပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးတင်ကိုကိုဦး(ခ)ဦးအတွတ်၊ ဘီးလင်း မဲဆန္ဒနယ်၏ **လယ်ယာမြေ ပိုင်ဆိုင်မှု ပုံစံ(၇)များကို မြန်ဆန်စွာနှင့်မှန်ကန်စွာထုတ်ပေးနိုင်ရန်၊ ကုန်ထုတ်လမ်းဖောက်လုပ်ရာတွင် ညှိနှိုင်းဆောင်ရွက်ရာ၌ အဆင်ပြေ ချောမွေ့စေရန်နှင့် မြေနှကျွန်းပြဿနာများကို မြေပုံပေါ်တွင်ဖြေရှင်း နိုင်ရန် ခေတ်မီနည်းစနစ်များအပြင် (Drone) ဖြင့် တိုင်းတာ ပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(င) ဦးဖေသန်း၊ မြေပုံ မဲဆန္ဒနယ်၏ **တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ကို မည်သည့် နေ့ရက်တွင် စတင်ဖွဲ့စည်းခဲ့ပါသနည်း၊ အဆိုပါအဖွဲ့၏ ဥပဒေပါ ရည်ရွယ်ချက်များ အောင်မြင်ရေးအတွက် မည်သို့ဆောင်ရွက်လျက် ရှိသည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးကျော်ငွေး၊ လေရှီး မဲဆန္ဒနယ်၏**လေရှီးမြို့နယ်၊ ကူကီး၊ ကုံကိုင်လုံ၊ ပန်ဆပ်၊ ဖန်သရက်၊ ဟိန်ကွပ်၊ နမိယူပီ အုပ်စုတို့နှင့် ဆွမ္မရာမြို့ များရှိ လှေကားထစ် လယ်ကွက်ငယ်များကို ကျွဲ၊ နွား အသုံးပြုနိုင်သည့် လယ်ကွက်များအဖြစ် ချဲ့ပေးရန်အတွက် ရန်ပုံငွေ ခွင့်ပြုပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ အရေးကြီးအဆို တင်သွင်းခြင်း၊

၇။ ဒေါ်ဝင့်ဝါထွန်း၊ ရှားတော မဲဆန္ဒနယ်က **"သမဝါယမဦးစီးဌာန၏ မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များကို အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ပြန်လည်ဆန်းစစ်သုံးသပ်ပြီး လိုအပ်သည့် ပံ့ပိုးမှု များအပါအဝင် ပြုပြင်ပြောင်းလဲမှုများအား အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"**အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ်ရယူခြင်း၊

၈။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၉။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့သော **"အဂတိ လိုက်စားမှုတိုက်ဖျက်ရေး ဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၁၀။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၃)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး
## (၁၂)ရက်မြောက်နေ့မှတ်တမ်း

**၁၃၈၀ ခုနှစ်၊ နယုန်လပြည့်ကျော် ၈ ရက်**
**(၂၀၁၈ ခုနှစ်၊ ဇွန်လ ၆ ရက်)**
**(ဗုဒ္ဓဟူးနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါခင်ဗျား။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၃၁ ဦးရှိတဲ့အနက် ၃၈၂ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့် ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၈.၆၃ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင် ကျင်းပကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၄ ဖြစ်ပါတယ်။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဦးခင်မောင်သိန်း(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၈ ခုနှစ်၊ ဇွန်လ ၆ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအဖွဲ့ဝင် ကျွန်တော် ဦးခင်မောင်သိန်း၊ စစ်ကိုင်းမဲဆန္ဒနယ်က ကိုယ်စားခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၁ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၈၂ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၃၀ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူကိုယ်စားလှယ်များကတော့-

(၁) သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးဉာဏ်ဟိန်း ခွင့် ၃ ရက်၊
(၂) လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်း ခွင့် ၃ ရက်၊
(၃) ရွှေတောင်မဲဆန္ဒနယ်မှ ဒေါ်မြခွာညိုဦး ခွင့် ၁ ရက်၊
(၄) အင်းတော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ပြုံး ခွင့် ၃ ရက်၊
(၅) ဖယ်ခုံမဲဆန္ဒနယ်မှ ဦးဖိုးမောင် ခွင့် ၁ ရက်၊
(၆) မြင်းမူမဲဆန္ဒနယ်မှ ဦးစိုးစံသက်ထွန်း ခွင့် ၁ ရက်၊
(၇) ပန်းတနော်မဲဆန္ဒနယ်မှ ဦးမန်းညွန့်သိန်း ခွင့် ၁ ရက်၊
(၈) မော်လိုက်မဲဆန္ဒနယ်မှ ဒေါ်ချိုချိုဝင်း ခွင့် ၃ ရက်၊
(၉) ခန္တီးမဲဆန္ဒနယ်မှ ဦးအောင်သန်းစိန် ခွင့် ၁ ရက်၊
(၁၀) မိုင်းဖြတ်မဲဆန္ဒနယ်မှ ဦးလင်းဇော်ထွန်း ခွင့် ၁ ရက်၊
(၁၁) လောက်ကိုင်မဲဆန္ဒနယ်မှ ဦးလူတယ်ဟုန်(ခ)ဦးအောင်ရွှေ ခွင့် ၁ ရက်၊
(၁၂) အုတ်ဖိုမဲဆန္ဒနယ်မှ ဦးဇော်မင်း ခွင့် ၁ ရက်၊
(၁၃) ဖားဆောင်းမဲဆန္ဒနယ်မှ ဒေါ်နန်းထွေးသူ ခွင့် ၃ ရက်၊
(၁၄) မတူပီမဲဆန္ဒနယ်မှ ဦးပါထန်း ခွင့် ၂ ရက်၊
(၁၅) ကသာမဲဆန္ဒနယ်မှ ဦးမြင့်ကြည် ခွင့် ၁ ရက်၊
(၁၆) ထီးချိုင့်မဲဆန္ဒနယ်မှ ဦးမောင်မောင် ခွင့် ၁ ရက်၊
(၁၇) ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေဇင်လတ် ခွင့် ၁ ရက်၊
(၁၈) ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးနေထက်ဝင်း ခွင့် ၁ ရက်၊
(၁၉) သံတွဲမဲဆန္ဒနယ်မှ ဦးမင်းကြည် ခွင့် ၁ ရက်၊

(၂၀) ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးစိုးသူရထွန်း ခွင့် ၁ ရက်၊
(၂၁) ကလောမဲဆန္ဒနယ်မှ ဒေါ်ပြုံးကေသီနိုင် ခွင့် ၁ ရက်၊
(၂၂) မိုးမိတ်မဲဆန္ဒနယ်မှ ဦးတိုးသောင် ခွင့် ၁ ရက်၊
(၂၃) မက်မန်းမဲဆန္ဒနယ်မှ ဦးတင်အေး ခွင့် ၁ ရက်၊
(၂၄) ကျိုက်ထိုမဲဆန္ဒနယ်မှ ဒေါက်တာခင်ဆောင် ခွင့် ၃ ရက်၊
(၂၅) မုဒုံမဲဆန္ဒနယ်မှ ဦးစောထွန်း ခွင့် ၃ ရက်၊
(၂၆) ဆီဆိုင်မဲဆန္ဒနယ်မှ ဦးခွန်သန်းထူး ခွင့် ၁ ရက်၊
(၂၇) သီပေါမဲဆန္ဒနယ်မှ ဦးစိုင်းသန့်ဇင် ခွင့် ၁ ရက်၊
(၂၈) ကောလင်းမဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင် ခွင့် ၁ ရက်၊
(၂၉) ကိုကိုးကျွန်းမဲဆန္ဒနယ်မှ သူရဦးသက်ဆွေ ခွင့် ၁ ရက်နှင့်
(၃၀) မြောင်းမြမဲဆန္ဒနယ်မှ ဒေါက်တာစိုးမိုးသူ ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင်ခွင့်ပန်ကြားသူ ၁၉ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၃၀ ဦး စုစုပေါင်းခွင့်ပန်ကြားသူ ၄၉ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၁ ဦး ယခင်ကခွင့်ပန်ကြား၍ခွင့်ပြုထားသူ ၁၉ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၃၀ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူ စုစုပေါင်း ၄၉ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ရှေ့နေလုပ်ငန်းကို မကြော်ငြာရဆိုသည့်အယူအဆကို ပြန်လည်စိစစ်သုံးသပ်ပြင်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ကော့သောင်းမဲဆန္ဒနယ်မှ ဦးခင်ဇော် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်ဇော်(ကော့သောင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် တက်ရောက်လာကြသော ဧည့်သည်တော်များခင်ဗျား။ ကျွန်တော်က တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ဇော် ဖြစ်ပါတယ်။ ကျွန်တော်ရဲ့မေးခွန်းကတော့ ရှေ့နေကြီးဦးအောင်သိန်းအမှုမှာ ရှေ့နေလုပ်ငန်းကို မကြော်ငြာရဆိုတဲ့ အယူအဆကို ပြန်လည်သုံးသပ်ပြီးတော့ ပြင်ဆင်ပေးရန် အစီအစဉ်ရှိ/မရှိဆိုတဲ့မေးခွန်း ဖြစ်ပါတယ်။ ၁၉၆၈ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာမျက်နှာ(၂၀၈) ရှေ့နေကြီးဦးအောင်သိန်းအမှုမှာ မိမိ၏အမည်ပါလိပ်စာကတ်ပြားများကို မိမိ၏တပည့်များမှတစ်ဆင့် ကမ်းလှမ်းဝေငှခြင်း၊ မိမိ၏လုပ်ငန်းကို ကြော်ငြာခြင်း၊ အမှုသည်ကို တပည့်များမှ ဖိတ်ခေါ်ခြင်း၊ အမှုသည်ကို တပည့်များနှင့်လွှဲအပ်ကာ မိမိ၏အမည်သုံးစေခြင်းတို့ကို ရှေ့နေများစောင့်ထိန်းအပ်သော ကျင့်ဝတ်သိက္ခာနှင့်ညီစေဆိုပြီး သုံးသပ်ပြီးတော့ ရှေ့နေများ ကြော်ငြာတဲ့လုပ်ငန်းကို တားမြစ်ထားတဲ့စီရင်ထုံးတစ်ခု ဖြစ်ပါတယ်။ ဒီနေ့ မြန်မာနိုင်ငံမှာ ဂျာနယ်တွေ၊ မဂ္ဂဇင်းတွေ၊ စာစောင်တွေ၊ သတင်းစာတွေမှာ ရှေ့နေလိပ်စာဖော်ပြပြီးတော့ ကြော်ငြာကဏ္ဍမှာထည့်သွင်းခြင်း၊ အင်တာနက်၊ Website ကနေပြီးတော့ တင်ထားခြင်းဟာလည်း ကြော်ငြာခြင်းပဲ ဖြစ်ပါတယ်။ စီးပွားရေးရှုထောင့်က ကြည့်မယ်ဆိုလို့ရှိရင် ရှေ့နေလုပ်ငန်းဟာ ဝန်ဆောင်မှုလုပ်ငန်းတစ်ခု ဖြစ်ပါတယ်။ အမေရိကန်နိုင်ငံမှာ ရှေ့နေကြီးများက တီဗွီလိုင်းပေါ်ကနေပြီးတော့ ကျွန်တော်ဟာ ထိခိုက်ဒဏ်ရာရတဲ့အမှုမှာ အထူးကျွမ်းကျင်တဲ့ရှေ့နေပါ။ မတော်တဆထိခိုက်မှုဖြစ်ခဲ့ရင် ကျွန်တော့်ကို ဖုန်းဆက်လိုက်ပါ။ ရှေ့နေခတစ်ပြားတစ်ချပ်မှ ပေးစရာမလိုဘူး။ လျော်ကြေးရမှသာပေးပါဆိုတော့ အတိအလင်းကြော်ငြာနေတာကို တွေ့ရမှာ ဖြစ်ပါတယ်။ သူတို့နိုင်ငံရဲ့ဥပဒေအရ ဆရာဝန်၊ ရှေ့နေ၊ ကျောင်းဆရာတွေဟာ ဝန်ဆောင်မှုစီးပွားရေးလုပ်ငန်းအဖြစ် သတ်မှတ်ပြီးတော့ ကြော်ငြာခွင့်ပေးထားတာ ဖြစ်ပါတယ်။ ရှေ့နေပေ့ါဆမှုကြောင့် အမှုသည်နစ်နာဆုံးရှုံးမှုပေါ်ပေါက်လို့ရှိရင် ရှေ့နေများအပေါ် အရေးယူဆောင်ရွက်ခွင့်ရှိကြောင်း ရှေ့နေလိုက်သူများအက်ဥပဒေပုဒ်မ ၄၄ မှာ ပြဋ္ဌာန်းထားတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ရှေ့နေလုပ်ငန်းဟာ တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော လုပ်ငန်းတစ်ခုဖြစ်တယ်လို့ ဆိုရမှာဖြစ်ပါတယ်။ စီရင်ထုံးဟာ လမ်းညွှန်ချက်၊ တစ်နည်းအားဖြင့် အဆင့်မြင့်တရားရုံးရဲ့စီရင်ချက်တစ်ခုသာဖြစ်ပါတယ်။ မိခင်ဥပဒေ၊ ပြဋ္ဌာန်းဥပဒေမဟုတ်ပါဘူး။ နိုင်ငံတကာဥပဒေပြုအဖွဲ့အစည်းများကို လေ့လာတဲ့နေရာမှာ ဥပဒေတစ်ရပ်ကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းတို့ကို ဒီဥပဒေပြဋ္ဌာန်းပြီး ငါးနှစ်ကျော်ကြာမှ ခေတ်စနစ်နှင့်ညီ/မညီ၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီ/မညီ၊ ပြန်လည်သုံးသပ်ပြီးတော့ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းတို့ကို ပြုလုပ်လေ့ရှိတာကို ကျွန်တော်တို့တွေ့ရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံရဲ့ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၅ မှာ နိုင်ငံတော်သည် အသိပညာရှင်၊ အတတ်ပညာရှင်များရဲ့အကျိုးကို ကူညီဆောင်ရွက်မယ်လို့ အတိအလင်းပြဋ္ဌာန်းထားပါတယ်။ ရှေ့နေများဟာ ဥပဒေနှင့်အသက်မွေးဝမ်းကျောင်းလုပ်တဲ့အတွက် ပညာရှင်အမျိုးအစားမှာ ပါဝင်ပါတယ်။ ဒါကြောင့်မို့ ရှေ့နေကြီးဦးအောင်သိန်း၏အမှုမှာ နှစ်ပေါင်း

၅၀ ကျော်ကြာမြင့်ပြီးဖြစ်တဲ့စီရင်ထုံးဖြစ်ခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်ခြင်းမရှိတဲ့အချက်များအရ ရှေ့နေလုပ်ငန်းမကြော်ငြာရဆိုတဲ့အယူအဆကို ပြန်လည်ပြင်ဆင်သုံးသပ်ပေးရန် အစီအစဉ်ရှိ/မရှိကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေ။

**ဥက္ကဋ္ဌ**။ ။ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမြင့်အောင်(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**။ ။လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တရားသူကြီး ဦးမြင့်အောင် ဖြစ်ပါတယ်။ တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ဖော် မေးမြန်းတဲ့ကြယ်ပွင့်ပြမေးခွန်းနှင့်စပ်လျဉ်းပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကိုယ်စား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးက မြန်မာနိုင်ငံမှာ စျေးကွက်စီးပွားရေးစနစ်ကို ဖော်ဆောင်လျက်ရှိကြောင်း၊ စျေးကွက်စီးပွားရေးစနစ်မှာ လွတ်လပ်စွာ စျေးကွက်ပြိုင်ဆိုင်မှုတို့အရ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ စာစောင်၊ ရေဒီယို၊ ရုပ်မြင်သံကြားစတဲ့ မီဒီယာအမျိုးမျိုး၊ နည်းလမ်းအမျိုးမျိုးနဲ့ ကြော်ငြာနေကြတဲ့အကြောင်း၊ အမေရိကန်နိုင်ငံမှာ ရှေ့နေကြီးများဟာ တီဗွီလိုင်းပေါ်ကနေ ကိုယ်တိုင်အတိအလင်းကြော်ငြာမောင်းခတ်နေတာကို မြင်တွေ့ရပြီး ၎င်းတို့နိုင်ငံရဲ့ဥပဒေအရ ရှေ့နေလုပ်ငန်းကို ဝန်ဆောင်မှုစီးပွားရေးလုပ်ငန်းအဖြစ်သတ်မှတ်ပြီး ကြော်ငြာခွင့်ပေးထားတဲ့အကြောင်း၊ ရှေ့နေလုပ်ငန်းကို မကြော်ငြာရဆိုတဲ့ အယူအဆဟာ ၁၉၆၈ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာမျက်နှာ(၂၀၈) ရှေ့နေကြီးဦးအောင်သိန်းအမှုမှ လမ်းညွှန်မှုပြုထားခြင်းသာဖြစ်ပြီး ပြဋ္ဌာန်းဥပဒေ၊ မိခင်ဥပဒေ မဟုတ်ကြောင်း၊ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၅ မှာ နိုင်ငံတော်ဟာ အသိပညာရှင်၊ အတတ်ပညာရှင်တွေရဲ့အကျိုးကို ကူညီဆောင်ရွယ်မယ်လို့ ပြဋ္ဌာန်းချက်ရှိတဲ့အတွက် ရှေ့နေလုပ်ငန်းကို မကြော်ငြာရဆိုတဲ့အယူအဆကို ပြန်လည်စိစစ်သုံးသပ်ပြင်ဆင်ပေးရန် တောင်းဆိုထားခြင်းဖြစ်တယ်လို့ တွေ့ရပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့ ရှေ့နေလုပ်ငန်းကို မကြော်ငြာရဆိုတဲ့အယူအဆဟာ တရားလွှတ်တော်ရှေ့နေများကောင်စီက ရှေ့နေရှေ့ရပ်များ လိုက်နာကျင့်သုံးရန် လုပ်ငန်းလမ်းညွှန်အဖြစ်ထုတ်ဝေခဲ့တဲ့ ရှေ့နေရှေ့ရပ်များရဲ့ကျင့်ဝတ်သိက္ခာများ၊ တာဝန်နှင့်အခွင့်အရေးများ စာစောင် အပိုဒ် ၄၁ ကို ရည်ညွှန်းခြင်းဖြစ်တယ်လို့ တွေ့ရှိရပါတယ်။ ရှေ့နေရှေ့ရပ်တွေရဲ့ကျင့်ဝတ်သိက္ခာတွေ၊ တာဝန်တွေ၊ အခွင့်အရေးတွေနဲ့ အမှုလိုက်ပါဆောင်ရွက်ခြင်းတွေနဲ့စပ်လျဉ်းတဲ့ ရှေ့နေရှေ့ရပ်တွေရဲ့ကျင့်ဝန်သိက္ခာများ အပိုဒ် ၄၁ မှာ ရှေ့နေရှေ့ရပ်များသည် မိမိအမည်နှင့် နေရပ်လိပ်စာရိုက်နှိပ်ထားသည့်ကတ်ပြားများကို ဝေ၍ မိမိ၏လုပ်ငန်းကိုကြော်ငြာခြင်း၊ လျှောက်လွှာပုံစံ ဗလာစာရွက်များပေါ်တွင် မိမိအမည်၊ လိပ်စာကို ရိုက်နှိပ်၍ကြိုတင်လက်မှတ်ရေးထိုးကာ အခြားသူများလိုအပ်သလို အသုံးပြုရန်ပေးအပ်ခြင်းများသည် ကျင့်ဝတ်သိက္ခာနှင့်ညီညွတ်ခြင်းမရှိသဖြင့် သတိပြု

သင့်ပါသည်ဟု ၁၉၆၈ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ တရားရုံးချုပ်၊ စာမျက်နှာ(၂၀၈) ရှေ့နေကြီး ဦးအောင်သိန်းအမှုမှာ ရှေ့နေရှေ့ရပ်များအတွက် အမှုလိုက်ပါဆောင်ရွက်ရာမှာ လုပ်ငန်းလမ်းညွှန်အဖြစ် လိုက်နာကျင့်သုံးဖို့ သတ်မှတ်ပေးထားကြောင်း စိစစ်တွေ့ရှိရပါတယ်။ ရှေ့နေရှေ့ရပ်တွေဟာ ဥပဒေပညာနှင့် အသက်မွေးဝမ်းကျောင်းပြုနေကြရသူများ ဖြစ်ပါတယ်။ ဥပဒေပညာရပ်ကို တတ်မြောက်တဲ့ ကျွမ်းကျင်တဲ့ရှေ့နေရှေ့ရပ်ကြီးများအနေနဲ့ တရားရုံးများက အမှုကိုစစ်ဆေးဆုံးဖြတ်ရာမှာ၊ အမှန်တရားကိုဖော်ထုတ်ရှာဖွေရာမှာ တရားရုံးတွေကို ကူညီဖို့နှင့် မိမိလိုက်ပါဆောင်ရွက်ပေးရတဲ့အမှုသည်တွေအတွက် တရားဥပဒေနှင့်အညီ ရသင့်ရထိုက်တဲ့ တရားမျှတမှုရရှိရေးအတွက် အစွမ်းကုန်လိုက်ပါဆောင်ရွက်ပေးရန် တာဝန်များကို အဓိကအားဖြင့် ကြိုးပမ်းဆောင်ရွက်ပေးကြရပါတယ်။ အခြားစီးပွားရေးလုပ်ငန်းများနှင့် သဘောသဘာဝတူညီမှုမရှိတဲ့ ရှေ့နေရှေ့ရပ်လုပ်ငန်းကို အခြားစီးပွားရေးလုပ်ငန်းများနှင့် တန်းတူထားပြီး ဈေးကွက်စီးပွားရေးစနစ်အရ လွတ်လပ်စွာ ဈေးကွက်ပြိုင်ဆိုင်ရန်အလို့ငှာ နည်းလမ်းအမျိုးမျိုးဖြင့် ရှေ့နေလုပ်ငန်းကို ကြော်ငြာမောင်းခတ်မယ်ဆိုရင် ငွေရရှိရေးအတွက်သာ ရည်မှန်းချက်ထားရှိရာရောက်နိုင်ပြီး ဦးတည်ချက်မှာလည်း တရားမျှတရေး၊ အမှန်တရားဖော်ထုတ်ရေးအတွက်မဟုတ်ဘဲ မိမိအမှုသည်အနိုင်ရရှိရေး၊ အောင်နိုင်ရေးကိုသာ ဦးတည်ဆောင်ရွက်ရာရောက်နိုင်ပြီး ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၅ အရ နိုင်ငံတော်က အသိပညာရှင်၊ အတတ်ပညာရှင်များရဲ့အကျိုးကို ကူညီဆောင်ရွက်မယ်ဆိုတဲ့ ပြဋ္ဌာန်းချက်နဲ့လည်း ညီညွတ်မည်မဟုတ်တာကို သတိမူသင့်တယ်လို့ ယူဆပါတယ်။

ဒါကြောင့် ရှေ့နေလုပ်ငန်းကို မကြော်ငြာရဆိုတဲ့အယူအဆကို နိုင်ငံတော်တရားရုံးချုပ်က စီရင်ထုံးတွင် မှတ်ချက်ပြုခဲ့သည်ကို တရားလွှတ်တော်ရှေ့နေများကောင်စီက ညွှန်ပြ၍ အမှုလိုက်ပါဆောင်ရွက်ခြင်းနှင့်စပ်လျဉ်းပြီး ရှေ့နေရှေ့ရပ်များရဲ့ကျင့်ဝတ်သိက္ခာဖြင့်လိုက်နာရန် သတ်မှတ်ပေးခြင်းသာဖြစ်တဲ့အတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ပြင်ဆင်ဆောင်ရွက်ရန် မရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**လယ်ယာမြေလုပ်ပိုင်ခွင့်ကိုရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းတို့ကို ဆောင်ရွက်သည့်အခါ အခွန်တံဆိပ်ခေါင်းတန်ဖိုး မည်မျှကပ်ရမည်၊ စာချုပ်စာတမ်းမှတ်ပုံတင်ခမည်မျှပေးသွင်းရမည်ကို ၂၀၁၂ ခုနှစ်၊ လယ်ယာမြေနည်းဥပဒေတွင် ပြဋ္ဌာန်းထားခြင်းမရှိသည့်အတွက် လယ်ယာမြေရောင်းဝယ်မှုအား တံဆိပ်ခေါင်းခွန်နှင့် စာချုပ်စာတမ်းမှတ်ပုံတင်များ၊ သတ်မှတ်နှုန်းထားများ ပြဋ္ဌာန်းပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးအောင်သိုက် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်သိုက်(ဆိပ်ဖြူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များ မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော် မေးမြန်းလိုတာကတော့ လယ်ယာမြေလုပ်ပိုင်ခွင့်ကိုရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းတို့ကို ဆောင်ရွက်သည့်အခါ ဦးစီးဌာနက သတ်မှတ်သည့် တံဆိပ်ခေါင်းခွန်နှင့် စာချုပ်စာတမ်းမှတ်ပုံတင်ခတို့ကို ပေးဆောင်၍ သက်ဆိုင်ရာမြို့နယ် ဦးစီးဌာနမှူးရုံးတွင်

မှတ်ပုံတင်ရမည်ဟု ပြဌာန်းထားရှိပြီး အခွန်တံဆိပ်ခေါင်းတန်ဖိုး မည်မျှကပ်ရမည်၊ စာချုပ်စာတမ်း မှတ်ပုံတင်ခ မည်မျှပေးသွင်းရမည်ကို တိကျစွာ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေနည်းဥပဒေတွင် ပြဌာန်း ထားခြင်းမရှိသည့်အတွက် တစ်နိုင်ငံလုံးရှိ လယ်ယာမြေရောင်းဝယ်မှုအား တံဆိပ်ခေါင်းခွန်နှင့် စာချုပ် စာတမ်းမှတ်ပုံတင်များ သတ်မှတ်နှုန်းထားများပြဌာန်းပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဌကြီးခင်ဗျား။ လယ်ယာမြေဥပဒေကို ၂၀၁၂ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၁၁) ၂၀၁၂ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့မှာ ပြဌာန်းခဲ့ပြီး လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူသည် လယ်ယာ မြေကိုရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းဆောင်ရွက်သည့်အခါ ဦးစီးဌာနမှ သတ်မှတ်သည့် တံဆိပ်ခေါင်းခွန်နှင့် စာချုပ်စာတမ်းမှတ်ပုံတင်ခတို့ကို ပေးဆောင်ရန် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်ဟု ပြဌာန်းခဲ့ပါသည်။ လယ်ယာမြေနည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်တို့ဖြင့် လယ်ယာမြေတစ်ဧက သို့မဟုတ် အရောင်းအဝယ်ဖြစ်သည့် ငွေကျပ် တစ်သိန်းလျှင် တံဆိပ်ခေါင်းခွန်မည်မျှကို သက်ဆိုင်ရာအခွန်ဦးစီးဌာနရုံးတွင် ဝယ်ယူရမည်။ စာချုပ် စာတမ်းမှတ်ပုံတင်ခကို နိုင်ငံတော်သို့ မည်မျှပေးသွင်းရမည်ကို ယနေ့အထိ နည်းဥပဒေတွင် ပြဌာန်း သတ်မှတ်ထားခြင်းမရှိသေးကြောင်း တွေ့ရှိရပါတယ်။

၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေတွင် လယ်ယာမြေကိုရောင်းချ၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းရှိသည့် ပြဌာန်းခဲ့သည့် လယ်ယာမြေများကို ငွေကြေးတတ်နိုင်သမျှ ဧကများစွာဝယ်ယူရင်းနှီးမြှုပ်နှံပြီး အရောင်းအဝယ်ပြုလုပ်သည့်အတွက် မြေဈေးနှုန်းအဆမတန် ကြီးမြင့်မှုဖြစ်ပေါ်ပြီး လယ်ယာမြေဧကလျော့နည်းကာ ဒေသခံတောင်သူများမှာလည်း ယခင်လယ်ယာ မြေတန်ဖိုး ကျပ်သန်းဆယ်ဂဏန်းတန်သော မြေကို သိန်းရာဂဏန်း၊ ထောင်ဂဏန်းများဖြင့် အရောင်းအဝယ်ပြုလုပ်ကြောင်း မြေပြင်တွင်တွေ့ရှိနေရပါတယ်။ လယ်ယာမြေအရောင်းအဝယ်ပြုလုပ် သော်လည်းပဲ နိုင်ငံတော်သို့ တံဆိပ်ခေါင်းခွန်၊ စာချုပ်စာတမ်း၊ မှတ်ပုံတင်ခ တိကျစွာပြဌာန်းထားခြင်း မရှိသည့်အတွက် နိုင်ငံတော်၏အခွန်ဘဏ္ဍာငွေဆုံးရှုံးမှုများစွာ ဖြစ်ပေါ်လျက်ရှိပါတယ်။ လယ်ယာမြေ ကိုဝယ်ယူသူများက သီးနှံစိုက်ပျိုးခြင်းမရှိဘဲ ဥယျာဉ်ခြံမြေများပြုလုပ်ခြင်းအချို့မှာ ခြံကွက်များရ၍ ရောင်းချခြင်း၊ လယ်ယာမြေများကိုလှပ်ထားခြင်း၊ ကျောက်တိုင်များစိုက်ထူခြင်း စည်းကမ်းများဖောက် ဖျက်ခြင်းများရှိပါတယ်။ မြေဈေးနှုန်းမှာလည်း လယ်ယာမြေအပါအဝင် အခြားလူနေအိမ်၊ ခြံမြေ ဈေးနှုန်းများပါ မြင့်တက်လာခြင်းတို့ကြောင့် လှပ်ထားသောမြေတွင် ကျူးကျော်ဝင်ရောက်နေထိုင်မှုများ ဖြစ်ပေါ်ခြင်း၊ အခြေခံလူတန်းစားတို့အတွက် မြေတစ်နေရာက နေရာတစ်နေရာနေထိုင်ရေးအတွက် အခက်အခဲများစွာဖြစ်ပေါ်လျက်ရှိပါတယ်။ ဥက္ကဌကြီးခင်ဗျား။ လယ်ယာမြေကို အဓိကအားဖြင့် ရောင်းချခြင်းသာရှိပြီး ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းတို့ကို လွန်စွာနည်းပါး ကြောင်း တွေ့ရှိရသည့်အတွက် လယ်ယာမြေရောင်းချခြင်းအား အဓိကထား၍ တံဆိပ်ခေါင်းခွန်၊ စာချုပ်စာတမ်း၊ မှတ်ပုံတင်ခနှင့် ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းတို့အတွက် ဆောင်ရွက်သည့်အခါ တိကျသောတံဆိပ်ခေါင်းခွန်နှင့် စာချုပ်စာတမ်း၊ မှတ်ပုံတင်ခတို့အတွက် အမြန်ဆုံးပြဌာန်းပေးရန် အစီအစဉ်ရှိ/မရှိ၊ မရှိပါက မည်သည့်အကြောင်းကြောင့်ဆိုသည်ကို သိရှိလို၍ ဥက္ကဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားပေးရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိုက်ရဲ့ မေးခွန်းအပေါ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားပါ့မယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးအနေနဲ့ လက်ရှိကာလမှာ လယ်ယာမြေအရောင်းအဝယ်ပြုလုပ်မှုများအရ လယ်မြေဈေးနှုန်းများအဆမတန်ကြီးမြင့်လာမယ့်အနေအထားကို ထိန်းကျောင်းစေလိုတဲ့ရည်ရွယ်ချက်နှင့် အခုလိုမေးမြန်းလာတဲ့မေးခွန်းအပေါ် မိမိဝန်ကြီးဌာနအနေနဲ့ အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ဦးစွာတင်ပြအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ တည်ဆဲ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေ အခန်း(၄) ပုဒ်မ ၁၂ ပုဒ်မခွဲ(ဂ)မှာ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူဟာ လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းတို့ကို ဆောင်ရွက်တဲ့အခါ ဦးစီးဌာနက သတ်မှတ်တဲ့ တံဆိပ်ခေါင်းခွန်နှင့် စာချုပ်စာတမ်းမှတ်တမ်းတင်ခတို့ကိုပေးဆောင်ပြီး သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးမှာ မှတ်ပုံတင်ရမယ်ဟု ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ လယ်ယာမြေလွှဲပြောင်းပေးသူနှင့် လွှဲပြောင်းလက်ခံသူတို့ဟာ လယ်ယာမြေတည်ရှိတဲ့ သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့ရဲ့ရှေ့မှောက်မှာ တံဆိပ်ခေါင်းခွန်ထမ်းဆောင်ပြီး စာချုပ်ချုပ်ဆိုရမယ်ဟု ၂၀၁၂ ခုနှစ်၊ လယ်ယာမြေနည်းဥပဒေ ၂၄ မှ ၂၈ အထိ ဖော်ပြပြဋ္ဌာန်းထားရှိပြီးလည်းဖြစ်ပါတယ်။၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေ ပုဒ်မ ၃ ပုဒ်မခွဲ(ဌ)ပါ ပြဋ္ဌာန်းချက်အရ တံဆိပ်ခေါင်းခွန်သတ်မှတ်ခြင်းကိစ္စအပေါ် ၂၈-၇-၂၀၁၆ ရက်နေ့မှာကျင်းပခဲ့တဲ့ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ရဲ့ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှာ ရှေ့ဆောင်ရွက်သွားရမည့်လုပ်ငန်းစဉ်များကိစ္စနှင့်ပတ်သက်ပြီး ထည့်သွင်းညှိနှိုင်းဆွေးနွေးခဲ့ပြီးလည်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအနေနဲ့လည်း တံဆိပ်ခေါင်းခွန်နှုန်းထားအတွက် အထူးဥပဒေ(Mother Law) ဖြစ်တဲ့ တံဆိပ်ခေါင်းခွန်အက်ဥပဒေနောက်ဆက်တွဲဇယားမှာ ပါရှိတဲ့အတိုင်း ထိုက်သင့်စေဖို့ ညှိနှိုင်းမှုသဘောထားရှိခဲ့ပါတယ်။ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေ ပုဒ်မ ၁၂ ပုဒ်မခွဲ(ဂ)နှင့်စပ်လျဉ်းပြီး လယ်ယာမြေလုပ်ပိုင်ခွင့်ကိုရောင်းချခြင်း၊ ပေါင်နှံ၍ ချေးငွေတစ်ရပ်ရပ်ရယူခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းတို့အတွက် ချုပ်ဆိုတဲ့ စာချုပ်စာတမ်းအမျိုးအစားအလိုက် မြန်မာနိုင်ငံတံဆိပ်ခေါင်းခွန်အက်ဥပဒေအရ ထိုက်သင့်တဲ့ တံဆိပ်ခေါင်းခွန်ထမ်းဆောင်ပြီး ဦးစီးဌာနက သတ်မှတ်တဲ့စာချုပ်စာတမ်းမှတ်ပုံတင်ခပေးဆောင်စေ၍ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမယ်လို့ ပြင်ဆင်ပေးရေး မိမိဝန်ကြီးဌာနကို ညှိနှိုင်းလာမှုရှိပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့လည်း ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေပါ တံဆိပ်ခေါင်းခွန်နှင့် စာချုပ်စာတမ်းမှတ်ပုံတင်ခဆိုသည့်စကားရပ်အား အစားထိုးပြင်ဆင်နိုင်ရေးအတွက် လယ်ယာမြေဥပဒေမှာ အခြားပြင်ဆင်သင့်တဲ့အချက်အလက်များ ပြင်ဆင်မယ့်ဥပဒေကြမ်းကို ပြန်လည်သုံးသပ်စီမံဆောင်ရွက်ခဲ့ပါတယ်။

လယ်ယာမြေဥပဒေကို ပြင်ဆင်သည့်ဥပဒေ(မူကြမ်း)ကို ဥပဒေပညာရှင်များ၊ ဌာနရှိ ကျွမ်းကျင် ဝန်ထမ်းများ ညှိနှိုင်းရေးဆွဲခဲ့ပြီးလည်း ဖြစ်ပါတယ်။ အဆိုပါဥပဒေပြင်ဆင်သည့်(မူကြမ်း)ကို လုပ်ထုံး လုပ်နည်းများနှင့်အညီ ဆောင်ရွက်ခဲ့ပြီးတဲ့နောက်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ၈-၆-၂၀၁၇ ရက်နေ့မှာ ပြည်ထောင်စုလွှတ်တော်ရုံးကို ပေးပို့တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေးမှာ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်နှင့် ကိုယ်စားလှယ်များ ရဲ့ အဆိုပြုချက်များ ဆွေးနွေးဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။

သို့ဖြစ်တဲ့အတွက် မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိုက် မေးမြန်းတဲ့ တစ်နိုင်ငံလုံးရှိ လယ်ယာမြေရောင်းဝယ်မှုအား တံဆိပ်ခေါင်းခွန်နှင့် စာချုပ်စာတမ်းမှတ်ပုံတင်ခများ၊ သတ်မှတ်နှုန်းထား ပြဋ္ဌာန်းပေးနိုင်ရေး အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းပြီး ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေကိုပြင်ဆင်သည့်ဥပဒေ(မူကြမ်း)အား ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းပြီးပါက ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ပျော်ဘွယ်မြို့နယ်အတွင်းမှ သာစည်မြို့နယ်၊ မင်းလှကန်အတွင်းသို့ စီးဝင်လျက်ရှိသော ချောင်းကောက် နှင့် မြင်းကျချောင်းများ ပိတ်ဆို့တိမ်ကောပြီး ချောင်းရိုးပြောင်းလဲခြင်းများကြောင့် ချောင်းရိုးများ ပြန်လည်တူးဖော်ထိန်းသိမ်းပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသောင်းအေး(ပျော်ဘွယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်အားလုံး နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေ။ ကျွန်တော် ပျော်ဘွယ်မဲဆန္ဒနယ်က ဦးသောင်းအေး ဖြစ်ပါတယ်။ မေးမြန်းလိုတဲ့မေးခွန်းကတော့ ပျော်ဘွယ်မြို့နယ်အတွင်းမှ သာစည်မြို့နယ်၊ မင်းလှကန်အတွင်းသို့ စီးဝင်လျက်ရှိတဲ့ ချောင်းကောက်ချောင်းနှင့် မြင်းကျချောင်းများ ပိတ်ဆို့တိမ်ကောပြီး ချောင်းရိုး ပြောင်းလဲခြင်းကြောင့် ကျေးရွာများရေကြီးနစ်မြုပ်မှုဘေးအန္တရာယ် ဖြစ်ပေါ်လျက်ရှိသဖြင့် အဆိုပါ ရေဘေးအန္တရာယ်မှ ကာကွယ်ရေးအတွက် ချောင်းရိုးများ ပြန်လည်တူးဖော်ထိန်းသိမ်းပေးရန် အစီအစဉ်ရှိ/မရှိနဲ့ ဆောင်ရွက်ရန်ရှိပါက မည်သည့်ကာလတွင်ဆောင်ရွက်နိုင်မည်။ ဆောင်ရွက် ရန်မရှိပါက ရေကြီးနစ်မြုပ်မှုဘေးအန္တရာယ်မှ မည်သို့ကာကွယ်ပေးနိုင်မည်ကို သိရှိလိုကြောင်း ဖြစ်ပါတယ်။

Power Point နဲ့တင်ပြခွင့်ပြုပါ။ ဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ် အတွင်းမှာ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်နေ့ မနက် ၂ နာရီကနေ ၅ နာရီခွဲအတွင်း မိုးရေချိန် လက်မ သုံးလက်မကျော်ရွာသွန်းခဲ့ပါတယ်။ ဒီလိုရွာသွန်းလာတဲ့အတွက် ပျော်ဘွယ်မြို့နယ်အတွင်းမှာ ရှိတဲ့ ဧကရာဇ်ကုန်းကျေးရွာအုပ်စု၊ ဧကရာဇ်ကုန်းကျေးရွာ၊ ရွာသစ်ကျေးရွာ၊ ဘုမကုန်းကျေးရွာနဲ့ ရေလည်ကွေ့ကျေးရွာများမှာတဲ့ အဆောက်အဦတွေ၊ စိုက်ခင်းတွေ ရေကြီးနစ်မြုပ်မှုဖြစ်ပေါ်ခဲ့ပါတယ်။ ရေကြီးနစ်မြုပ်ရတဲ့ကျေးရွာများဟာ တင်ပါပြအတိုင်း အနီးဝိုင်းနဲ့ဝိုင်းပြထားပါတယ်။ တင်ပြပါ ပျော်ဘွယ်မြို့နယ်ဖြစ်ပြီး မြောက်ဘက်က မိတ္ထီလာမြို့နယ်နဲ့ အရှေ့ဘက်က သာစည်မြို့နယ် ဖြစ်ပါ တယ်။

ဒီရေကြီးရတဲ့အကြောင်းအရင်းကို မြို့နယ်ဆည်မြောင်းဦးစီးဌာနမှတာဝန်ရှိသူတွေ၊ ကျေးရွာအုပ်ချုပ်ရေးမှူးတွေနဲ့ ရပ်မိရပ်ဖတွေ ကွင်းဆင်းစစ်ဆေးတဲ့အခါမှာတော့ ပျော်ဘွယ်မြို့နယ်နဲ့ မိတ္ထီလာမြို့နယ်စပ်ကနေ သာစည်-မင်းလှကန်ထဲကိုစီးဝင်သွားတဲ့ ချောင်းကောက်ချောင်းနဲ့မြင်းကျချောင်းတွေဟာ ပျော်ဘွယ်မြို့နယ်အတွင်းမှာရှိတဲ့ ဇကရာဇ်ကုန်းကျေးရွာအုပ်စုက ဇကရာဇ်ကုန်းကျေးရွာ၊ ရွာသစ်ကျေးရွာ၊ ဘုမကုန်းကျေးရွာနဲ့ ရေလည်ကွေ့ကျေးရွာများအနီးမှာ ဖြတ်သန်းစီးဆင်းလျက် ရှိပါတယ်။ ဒါရေကြီးနစ်မြုပ်နေတဲ့ပုံတွေပါ။ ဒီချောင်းတွေဟာ သစ်ပင်၊ ခြုံနွယ်တွေ ပိတ်ဆို့ပြီး ချောင်းရိုးတိမ်ကောသွားခြင်း၊ မူလရေကြောင်းပြောင်းလဲမှုကြောင့် အချိန်တိုအတွင်းမှာ မိုးရေချိန်လက်မ မြောက်မြားစွာရွာသွန်းလာတဲ့အခါမှာ အထက်မှာရှိတဲ့ ချောင်းကောက်ဆည်နဲ့ ကျေးရွာများရှိတဲ့ ကျေးရွာခံတွေ ရေလျှံ ကန်ကျိုးပေါက်ပြီးတော့ ကျေးရွာစိုက်ခင်းများနဲ့ ရွာတွင်းမှာ ရေတွေစီးဝင်ပြီး ယခုလိုနစ်မြုပ်ရခြင်းဖြစ်ကြောင်း တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆည်မြောင်းဦးစီးဌာနနဲ့ ပဏာမတိုင်းတာမှုအရ ဒီချောင်းရိုးကိုပြန်လည်ပြုပြင်မယ်ဆိုရင် တင်ပြပါအတိုင်း ချောင်းကောက်ဝိယာကနေ မင်းလှကန်ထိ ချောင်းကောက်ချောင်းကို ကိုက် ၁၇၀၀၀ ခန့်နဲ့ မြင်းကျချောင်းကို ကိုက် ၁၂၀၀၀ ခန့် ပြန်လည်တူးဖော်ရမှာဖြစ်ကြောင်း သိရှိရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုလို ချောင်းရိုးများတိမ်ကောပိတ်ဆို့ပြီး ချောင်းများပြောင်းလဲနေတဲ့အတွက် ပုံမှန်မဟုတ်တဲ့ မိုးရွာသွန်းမှု၊ ရာသီဥတုဖောက်ပြန်မှုများနဲ့ မိုးရွာသွန်းမှုများလာတိုင်းမှာ ကျေးရွာများရေနစ်မြုပ်မှုဒဏ်ကိုခံစားဖြစ်ပေါ်ရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျေးရွာများ၊ စိုက်ခင်းများ ရေကြီးနစ်မြုပ်ခြင်းမှကင်းဝေးဖို့အတွက် တင်ပြပါချောင်းနှစ်ချောင်းတိမ်ကောပိတ်ဆို့ပြောင်းလဲမှုကို ဆည်ယူထိန်းသိမ်းရေး ဒါမှမဟုတ် အခြားနည်းလမ်းတစ်ခုနဲ့ကာကွယ်ရေးဆောင်ရွက်ပေးနိုင်ပါရန် ပြည်သူ့သဘောဆန္ဒနှင့်အညီ တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းအေးရဲ့ မေးခွန်းအပေါ် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ကိုယ်စား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ ပေါင်းစပ်ဖြေကြားပေးသွားပါမယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးအနေနဲ့ ပျော်ဘွယ်မြို့နယ်အတွင်းကနေ သာစည်မြို့နယ်၊ မင်းလှကန်အတွင်းစီးဝင်လျက်ရှိတဲ့ ချောင်းကောက်နှင့် မြင်းကျချောင်းများ ပိတ်ဆို့တိမ်ကောပြီး ချောင်းရိုးပြောင်းလဲခြင်းကြောင့် ကျေးရွာများရေကြီးနစ်မြုပ်မှုဘေးအန္တရာယ် ဖြစ်ပေါ်လျက်ရှိတဲ့အတွက် အဆိုပါအန္တရာယ်မှာကာကွယ်ပေးနိုင်ဖို့ ချောင်းရိုးများ ပြန်လည်တူးဖော်ထိန်းသိမ်းပေးရန် အစီအစဉ်ရှိ/မရှိနဲ့ဆောင်ရွက်ရန်ရှိမယ်ဆိုရင် မည်သည့်ကာလမှာဆောင်ရွက်နိုင်မည် သို့မဟုတ် ဆောင်ရွက်ရန်မရှိပါက ရေကြီးနစ်မြုပ်မှုဘေးအန္တရာယ်ကို မည်သို့ကာကွယ်ပေးနိုင်မည် သိရှိလိုကြောင်း စပ်လျဉ်းတဲ့မေးခွန်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားသလိုပဲ။ မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်မှာ လွန်ခဲ့တဲ့ ၂၀၁၇ ခုနှစ် စက်တင်ဘာလ ၂၆ ရက်နေ့ နံနက်ပိုင်းကနေပြီးတော့ ရွာသွန်းတဲ့မိုးရေချိန်ဟာ သုံးလက်မကျော်ရှိခဲ့ပါတယ်။ ဒေသမှာရှိတဲ့ ဇကရာဇ်ကုန်းကျေးရွာ၊ ရွာသစ်ကျေးရွာ၊ ဘုမကုန်းကျေးရွာနဲ့ ရေလည်ကွေ့ကျေးရွာတွေဟာ ရေကြီးနစ်မြုပ်မှုများ ဖြစ်ပေါ်ခဲ့မှုရှိပါတယ်။ ဒါ့အပြင် ချောင်းကောက်တမံမှာ ၂၀၁၇ ခုနှစ် စက်တင်ဘာလအတွင်း မိုးရေချိန်စုစုပေါင်း ၆.၇၃ လက်မ ရွာသွန်းခဲ့တဲ့အတွက် ရေပိုလွှဲကနေ အများဆုံး နှစ်ပေအထိ ရေကျော်မှုနဲ့တစ်ဆက်တည်း အောက်တိုဘာလ မှာ မိုးရေချိန်စုစုပေါင်း ၉.၃၈ လက်မရှိခဲ့တဲ့အလျောက် ရေပိုလွှဲကနေ အများဆုံး ၃.၇ ပေအထိ ရေကျော်မှုရှိခဲ့ပါတယ်။ ချောင်းကောက်တမံမှ ပိုလျှံရေတွေဟာ ချောင်းကောက်ချောင်းအတွင်းစီးပြီး ပျော်ဘွယ်မြို့နယ်၊ သာယာကုန်းကျေးရွာအနီးက မြင်းကျချောင်းနှင့်ပေါင်းဆုံပြီးတဲ့နောက် ချောင်းရေအလုံးအရင်းနဲ့ စီးဆင်းလာတဲ့အတွက် ကျေးရွာတွေဟာ ရေကြီးနစ်မြုပ်ကြခြင်း ဖြစ်ခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးစွဲခွင့်ပြုနိုင်ပါရန်တင်ပြအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ချောင်းကောက်ချောင်းဟာ ရေစီးကောင်းတဲ့ချောင်းတစ်ချောင်းဖြစ်ပါတယ်။ မူလချောင်းဟောင်းမှာ သစ်ပင်၊ ခြုံနွယ်တွေ ပိတ်ဆို့နေခြင်း၊ ချောင်းအတွင်း သဲနုန်းပို့ချမှုနဲ့အတူ ချောင်းတိမ်ကောနေခြင်း တို့ကြောင့်လည်း ကျေးရွာများရေကြီးနစ်မြုပ်မှု ဖြစ်ပေါ်ခဲ့ရခြင်းဖြစ်ပါတယ်။ မူလရေလမ်းကြောင်း အတိုင်း ပြောင်းလဲစီးဆင်းဖို့အတွက် ချောင်းကောက်ရေလွှဲဆည်ကနေ ညောင်ရမ်း-မင်းလှကန်အထိ ရေလမ်းကြောင်းတစ်လျှောက် သဲနုန်းထူထပ်တဲ့နေရာတွေကို သဲနုန်းတူးဖော်ခြင်း၊ သစ်ပင်၊ ခြုံနွယ်တွေ ရှင်းလင်းခြင်း၊ လက်ရှိစီးဆင်းနေတဲ့ လမ်းကြောင်းတွေမှာ ထပ်မံမစီးဆင်းနိုင်ဖို့အတွက် ခိုင်ခံ့တဲ့ ရေတားနံရံများ တည်ဆောက်ပေးခြင်းလုပ်ငန်းတွေကို အကောင်အထည်ဖော်ပေးဖို့ လိုအပ်ချက် ရှိပါတယ်။

အဆိုပါလုပ်ငန်းတွေ ဆောင်ရွက်ပေးနိုင်မယ်ဆိုရင် ဇကရာဇ်ကုန်းကျေးရွာအုပ်စုကို ရေဝင်ရောက်မှုမရှိတော့ဘဲ သာစည်မြို့နယ်၊ ညောင်ရမ်းရွာ၊ အင်းရွာနဲ့ ဆင်ဝင်ကျေးရွာတွေက ချောင်းရေတွေဟာ ညောင်ရမ်း-မင်းလှကန်အတွင်းကို စီးဝင်သွားမှာဖြစ်ပါတယ်။ ဒါ့အပြင် ပျော်ဘွယ်မြို့နယ် အတွင်းစီးဆင်းနေတဲ့ မြင်းကျချောင်းကို သဲနုန်းတူးဖော်ပေးရန်လည်း လိုအပ်မှာဖြစ်ပါတယ်။ သို့မှသာ ပျော်ဘွယ်မြို့နယ် ရေလည်ကွေ့ကျေးရွာအတွက် ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ပေးနိုင်မှာဖြစ်ပါတယ်။ မြင်းကျချောင်းကို သဲနုန်းတူးဖော်မယ်ဆိုရင် ခန့်မှန်းကုန်ကျစရိတ်အားဖြင့် ကျပ်သန်း ၁၀၀ ကုန်ကျမှာ ဖြစ်ကြောင်းကိုလည်းပဲ ၂၀၁၇ ခုနှစ်၊ မေလ ၂၉ ရက်နေ့တွင် နိုင်ငံတော် ဒုတိယသမ္မတဦးစီးပြုလုပ်တဲ့ သဘာဝဘေးအန္တရာယ်စစ်တမ်း(၂၀၁၆)နှင့်စပ်လျဉ်းပြီး မေးမြန်းထားခြင်းအပေါ် တင်ပြအစီရင်ခံ ထားပြီးလည်း ဖြစ်ပါတယ်။

သို့ရာတွင် သစ်တောသစ်ပင်ပြုန်းတီးပြီး အနည်ကျမှုများပြားတဲ့ ဒေသတွေဖြစ်တဲ့အတွက် တူးထုတ်ထားတဲ့သဲနုန်းတွေကို ပြန်လည်မပို့ချနိုင်တဲ့နေရာကိုရောက်ရှိအောင် စွန့်ပစ်ဖို့အတွက် အနီးအနားလယ်မြေများရှိနေတဲ့အလျောက် ဝေးလံစွာပို့ဆောင်ရမယ့်အနေအထားများလည်း ရှိပါတယ်။ အချိန်အတိုင်းအတာတစ်ခု ကာကွယ်ပေးနိုင်မှာဖြစ်ပြီး သဲနုန်းပို့ချမှုများ ပြန်လည်ဖြစ်ပေါ်လာနိုင်မယ့် အကန့်အသတ်များလည်း ရှိကြောင်းစိစစ်တွေ့ရှိရပါတယ်။ အခြေအနေအရ

သုံးနှစ်တစ်ကြိမ် ပြန်လည်တူးဖော်ထိန်းသိမ်းရမယ့် အခြေအနေဖြစ်ပါတယ်။ ရေရှည်အတွက် သစ်တော၊ သစ်ပင်များ ပြန်လည်ထူထောင်ပြီး ရေဝေရေလဲထိန်းသိမ်းမှုကို ဆောင်ရွက်သွားရန်ရှိမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပျော်ဘွယ်မြို့နယ်အတွင်း ကျေးရွာများရေကြီးနစ်မြုပ်မှု ကာကွယ်ဖို့၊ ချောင်းကောက်ချောင်းပြန်လည်ပြုပြင်နိုင်ဖို့ ပြီးခဲ့တဲ့အစိုးရသက်တမ်း ၂၀၁၂-၂၀၁၃ ခုနှစ်ကတည်းက ပြည်ထောင်စုရန်ပုံငွေနဲ့ စီမံဆောင်ရွက်ခဲ့သော်လည်းပဲ တောရှင်းလုပ်ငန်းနှင့် ချဉ်းကပ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းတွေကိုသာ စတင်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ သာစည်မြို့နယ်အတွင်းက ဆင်ဝင်ကျေးရွာနှင့် အင်းကျေးရွာတို့က ဒေသခံပြည်သူလူထုအနေနဲ့ ယင်းတို့ကျေးရွာများ ရေကြီးနစ်မြုပ်မှုကိုစိုးရိမ်ပြီး ကန့်ကွက်မှုရှိခဲ့တဲ့အတွက် ပျော်ဘွယ်မြို့နဲ့သာစည်မြို့နယ်တို့မှ သက်ဆိုင်ရာ ခရိုင်အုပ်ချုပ်ရေးမှူးတွေ၊ မြို့နယ်အုပ်ချုပ်ရေးမှူးတွေ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အပါအဝင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်တွေ ကွင်းဆင်းညှိနှိုင်းခဲ့သော်လည်းပဲ သဘောတူညီမှုမရရှိခဲ့တဲ့အတွက်ကြောင့် လုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ခြင်း မရှိခဲ့တဲ့အခြေအနေဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ သို့ဖြစ်တဲ့အတွက် အဆိုပါချောင်းကောက်ချောင်းနှင့် မြင်းကျချောင်းတို့ကို သဲနုန်းတူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်နိုင်ရန်မှာ ဒေသခံပြည်သူလူထုနှင့် သဘောတူညီမှုရရှိမှသာ လုပ်ငန်းများဆောင်ရွက်သွားနိုင်မယ့်အခြေအနေဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မိမိတို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ အဆိုပါဒေသကို ကွင်းဆင်းစိစစ်မှုများဆောင်ရွက်ပြီး လုပ်ငန်းအကောင်အထည်ဖော်ရေးအတွက် ရေစီးရေလာတွေ၊ ဇလဗေဒဆိုင်ရာအချက်အလက်တွေ စုဆောင်းခြင်း၊ ဒီဇိုင်းရေးဆွဲနိုင်မှုစီမံခြင်းများ ဆောင်ရွက်လျက်ရှိပါတယ်။ လုပ်ငန်းအကောင်အထည်ဖော်နိုင်ရေးအတွက် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကနေ ဦးစီးဦးဆောင်ပြုပြီး ဒေသခံပြည်သူနဲ့ ညှိနှိုင်းဆောင်ရွက်ပေးနိုင်ရေးအတွက်ကိုလည်း တိုင်းဒေသကြီးအစိုးရအဖွဲ့ထံသို့ ၂၀၁၈ ခုနှစ် ဇန်နဝါရီလကတည်းက လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးနိုင်ဖို့ ညှိနှိုင်းစာပေးပို့ထားပြီးဖြစ်ပါကြောင်းလည်း တင်ပြအပ်ပါတယ်။

သို့ဖြစ်တဲ့အတွက် ပျော်ဘွယ်မြို့နယ်နဲ့သာစည်မြို့နယ်တို့မှ လွှတ်တော်ကိုယ်စားလှယ်ကြီးများအနေနဲ့ကလည်းပဲ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်ပေါင်းစပ်ညှိနှိုင်းပြီး သက်ဆိုင်ရာဒေသခံများရဲ့ သဘောတူညီမှုရရှိရေးအတွက် စည်းရုံး၊ ရှင်းလင်းချပြ၍ ပံ့ပိုးကူညီဆောင်ရွက်ပေးနိုင်ရေးအတွက်တင်ပြရင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းအား ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးသောင်းအေး(ပျော်ဘွယ်မဲဆန္ဒနယ်)**။ ။ အခုလိုရှင်းလင်းဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့် ဝန်ကြီးကို ကျေးဇူးအထူးပဲတင်ပါတယ်။ ခုနက ဒီချောင်းရိုးတိမ်ကောမှုကို ပြန်လည်တူးဖော်ရေးနဲ့ပတ်သက်လို့ ခုနက ဒုတိယဝန်ကြီးအမိန့်ရှိသလို ကျွန်တော်တို့တိုင်းဒေသကြီးအစိုးရအဖွဲ့က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေ၊ ဒေသခံမိဘပြည်သူတွေနဲ့ သက်ဆိုင်ရာဌာနအဖွဲ့အစည်းတွေ တွေ့ဆုံပြီးတော့ ဆန္ဒသဘောထားယူပေးပါလို့ ညွှန်ကြားချက်လာခဲ့ပါတယ်။ အဲဒီညွှန်ကြားချက်အရ တကယ်

တော့ မူလကတည်းက ပြည်သူတွေရဲ့လိုအပ်ချက်အရ ကျွန်တော်တင်ပြခဲ့တဲ့မေးခွန်းပဲဖြစ်ပါတယ်။ သို့သော်လည်းပဲ ခုနက ဒုတိယဝန်ကြီးအမိန့်ရှိသလို အတိတ်ကဖြစ်ခဲ့တဲ့ဖြစ်စဉ်ဖြစ်ရပ်အရ သာစည်မြို့နယ်ဘက်က လက်မခံတဲ့အတွက် ဒါ တူးဖော်ဖို့မဖြစ်ခဲ့ဘူးလို့သိရတယ်။ ဒီအတွက် တိုင်းဒေသကြီးကနေပြီးတော့ ပြည်သူ့ဆန္ဒခံယူပေးပါဆိုလို့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေ၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်တွေအပါအဝင် အဲဒီသာယာကုန်းကျေးရွာဘုန်းတော်ကြီးကျောင်းမှာ ဟိုဘက်က သာစည်မြို့နယ်ဘက်က ကျေးရွာအုပ်စုလူကြီးများ၊ ပျော်ဘွယ်မြို့နယ်ဘက်က လူကြီးများအားလုံး တွေ့ဆုံပြီးတော့ ကျွန်တော်တို့ သဘောထားယူခဲ့ပါတယ်။ တိုင်းဒေသကြီးကလည်းပဲ ဆည်မြောင်းဦးစီးဌာနက တာဝန်ရှိတဲ့ပုဂ္ဂိုလ်တွေပါပါတယ်။ အဲဒီသဘောထားရယူချက်အရ အားလုံးကတူညီတဲ့သဘောဆန္ဒရခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။ ဒါကြောင့်မို့လို့ ဆက်စပ်မေးခွန်းအနေနဲ့ ပြည်သူ့သဘောထားဆန္ဒခံယူပြီးဖြစ်တဲ့အတွက် ဒီချောင်းပြန်လည်တူးဖော်ရေးသို့တည်းမဟုတ် တင်ပြပါရွာတွေ ရေကြီးနစ်မြုပ်မှုဘေးအန္တရာယ် ကာကွယ်ရေးအတွက်ကို ပြည်ထောင်စုအစိုးရအနေနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနက ဆက်လက်ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ သိရှိလိုကြောင်း ဆက်စပ်မေးမြန်းအပ်ပါတယ်။ ကျေးဇူး တင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဝန်ကြီးဌာနက ဖြေကြားပါ။

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ အခုလိုရှင်းလင်းတင်ပြချက်ကြားသိရတဲ့အတွက် များစွာဝမ်းလည်းဝမ်းသာပါတယ်။ ကျေးဇူးလည်းတင်ပါတယ်။ မိမိတို့ တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ဆက်စပ်ပြီး ဒီလုပ်ငန်းကို အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**လယ်ယာမြေပိုင်ဆိုင်မှုပုံစံ(၇)များကို မြန်ဆန်စွာနှင့်မှန်ကန်စွာထုတ်ပေးနိုင်ရန်၊ ကုန်ထုတ်လမ်းဖောက်လုပ်ရာတွင် ညှိနှိုင်းဆောင်ရွက်ရာ၌ အဆင်ပြေချောမွေ့စေရန်နှင့် မြေနယ်ကျွန်းပြဿနာများကို မြေပုံပေါ်တွင်ဖြေရှင်းနိုင်ရန် ခေတ်မီနည်းစနစ်များအပြင်(Drone)ဖြင့် တိုင်းတာပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဘီးလင်းမဲဆန္ဒနယ်မှ ဦးတင်ကိုကိုဦး(ခ)ဦးအတွတ် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးတင်ကိုကိုဦး(ခ)ဦးအတွတ်(ဘီးလင်းမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာကြတဲ့ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ ဘီးလင်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ကိုကိုဦး(ခ)ဦးအတွတ် ဖြစ်ပါတယ်။ ကျွန်တော် ဒီကနေ့မေးမယ့်မေးခွန်းကတော့ လယ်ယာမြေပိုင်ဆိုင်မှုပုံစံ(၇)တွေကို မြန်ဆန်စွာနှင့်မှန်ကန်စွာထုတ်ပေးနိုင်ရန်၊ ကုန်ထုတ်လမ်းဖောက်လုပ်ရာတွင် ညှိနှိုင်းဆောင်ရွက်ရာ၌ အဆင်ပြေချောမွေ့စေရန် နှင့် မြေနယ်ကျွန်းပြဿနာတွေကို မြေပုံပေါ်တွင်ဖြေရှင်းနိုင်ရန် ခေတ်မီနည်းစနစ်အပြင်(Drone)ဖြင့် တိုင်းတာပေးနိုင်ခြင်းရှိ/မရှိဆိုတဲ့ ဆက်စပ်တဲ့မေးခွန်းနဲ့ပတ်သက်လို့ ကျွန်တော်မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power Point အသုံးပြုခွင့်ပြုပါ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ အခုမြေမျိုးစီမံခန့်ခွဲပိုင်ခွင့်၊ အခွင့်အာဏာရှိတဲ့၊ ခွဲခြားသတ်မှတ်ထားတဲ့မြေမျိုး ၂၂ မျိုးရှိပါတယ်။ အဲဒီမှာ ကျွန်တော်တို့ စီမံခန့်ခွဲတဲ့ဝန်ကြီးဌာနတွေ ရှိပါတယ်။ စီမံခန့်ခွဲတဲ့ဥပဒေတွေရှိပါတယ်။ အဲဒီလိုစီမံခန့်ခွဲရင်းနဲ့ပဲ မြို့နယ်တွေမှာ လယ်ယာမြေ စီမံခန့်ခွဲရေးကော်မတီ၊ လယ်ယာမြေနဲ့အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စစ်ဆေးရေး ကော်မတီဆိုပြီးတော့ ကော်မတီတွေကနေပြီး ဒီမြေယာကိစ္စတွေကို ဖြေရှင်းဆောင်ရွက်နေရတာတွေ ရှိပါတယ်။ အဲဒီလိုဖြေရှင်းဆောင်ရွက်တဲ့နေရာမှာ အဓိကလိုအပ်တာဘာလဲဆိုတော့ မြေကြီးမြေပုံ မှန်ကန်ဖို့ရယ်၊ နောက် မြေရာဇဝင်မှန်ကန်ဖို့ပါ။ မြေအမျိုးအစားတွေအားလုံးမှာ မြေကြီးမြေပုံ မမှန် ကန်ရင်၊ မြေရာဇဝင်မမှန်ကန်ရင် ဒီပြဿနာတွေကို ကျွန်တော်တို့ဖြေရှင်းလို့မရပါဘူး။ ပြဿနာဖြစ်ပြီ ဆိုရင် မြေပုံတွေတောင်းကြည့်လိုက်တဲ့အခါကျ အခုဒီမှာ သထုံစီရင်စု နောက်ဆုံးပြင်တိုင်းက ၁၉၆၀-၁၉၆၁ ခုနှစ်ဖြစ်ပါတယ်။ အဲဒီတော့ မြန်မာနိုင်ငံမြေစာရင်းလက်စွဲဥပဒေကို ကြည့်တဲ့အခါကျ တော့ မြေတိုင်းတာတဲ့နေရာမှာ မြေတိုင်းစာရေးသည် နှစ်စဉ်ကွင်းဆင်းသည့်အခါ ကွင်းမြေပုံ အသီးသီးပေါ်တွင် ကန်သင်းပြင်ခြင်းနှင့် အခွန်စည်းကြပ်ရန်တိုင်းတာခြင်းများအားဖြင့် မြေပုံနှင့် မြေပုံစာရင်း ၁(ခ)များကို အမြဲတမ်းပြည့်စုံမှန်ကန်အောင် ပြုလုပ်ရမည်ဆိုတာ ပါပါတယ်။ ဒီမှာတော့ အခွန်မြေတိုင်းစာရေးသည် ကွင်းဆင်းသည့်အခါ မြေပုံများကို တည်ဆဲနေ့ရက်အထိ ဒီမှာ တည်ဆဲနေ့ရက်အထိလို့ပါပါတယ်ခင်ဗျ။ မှန်ကန်အောင်ပြုလုပ်ထားရန် တာဝန်ရှိကြောင်း အပိုဒ် ၉၂၆ တွင် ပြဋ္ဌာန်းထားသည်။ ဤစည်းကမ်းကို ကြပ်တည်းစွာလိုက်နာစေရမည်။ အကြောင်းထူးရှိသော ကွေ့မှတစ်ပါး အခြားကွေ့များ၌ ဦးပိုင်နှင့်လယ်ကွက် နယ်နိမိတ်များပြောင်းလဲသွားခြင်းများကို မတိုင်းတာဘဲ ပျက်ကွက်ခြင်းကို လက်မခံနိုင်သဖြင့် တားမြစ်ရမည်ဆိုတာကို ပါပါတယ်။ အဲဒီတော့ ကြေးတိုင်နဲ့မြေစာရင်းက လမ်းညွှန်ချက်(၆)ချက်မှာလည်း ကျွန်တော်တို့က မြေကြီးမြေပုံမှန်ကန်ရင် ဆိုတာပါနေပါတယ်။ လက်ရှိအခြေအနေမှာက လယ်ထွန်စက်ပေါ်လာပြီ။ ဘတ်ဟိုးတွေရှိလာတယ်။ နောက်တစ်ခုက လယ်မြေထဲမှာ အဆောက်အဦတွေဆောက်လာတယ်။ နောက် ခြံကွက်တွေအဖြစ်နဲ့ ဖန်တီးလာတယ်။ ဒါပေမဲ့ ဒါတွေကို တိတိကျကျအရေးယူဆောင်ရွက်နိုင်တာ အင်မတန်နည်းတာကို တွေ့ရပါတယ်။

အဲဒီတော့ ဒါကိုဘာဖြစ်လို့လဲလို့ ဌာနနဲ့ဆွေးနွေးတဲ့အခါတိုင်း ဝန်ထမ်းမရှိဘူးဆိုတဲ့ အဖြေပေးချက်ရပါတယ်။ ဝန်ထမ်းမရှိဘူးဆိုတော့ ဒါဆို ကျွန်တော်တို့က ဝန်ထမ်းခန့်မယ်ဆိုရင်လည်း ဝန်ထမ်းဆိုတာက ဒီနေ့ခန့်ပြီးတော့ နောက်နေ့အလုပ်လုပ်လို့ရတာမဟုတ်ပါဘူး။ အဲဒီအခါကျတော့ ဝန်ထမ်းဆိုရင် အရည်အသွေးရှိအောင်လုပ်ရဦးမှာပဲ။ နောက်တစ်ခုက နည်းပညာလည်းလိုပါတယ်။ အဲဒါတွေကို မလုပ်နိုင်တဲ့အခါကျတော့ အခုလောလောဆယ်မှာတော့ ပြည်နယ်နှင့်တိုင်းဒေသကြီး တွေမှာ ကျွန်တော်တို့သိသလောက် Drone နဲ့ အခုလယ်ယာမြေတွေကို တိုင်းနေတာတွေရှိပါတယ်။ ဒါကတော့ ဈေးနှုန်းချိုချိုသာသာနဲ့ မှန်ကန်မှုကော၊ မြန်ဆန်မှုကော ပိုပြီးတော့ကောင်းတဲ့အခြေအနေနဲ့ တိုင်းနေတာပါ။ ဒါပေမဲ့ ကျွန်တော်ထပ်မေးပါတယ်။ အခု Drone နဲ့တိုင်းတာကို မြေစာရင်းအနေနဲ့ အသိအမှတ်ပြုလားဆိုတဲ့အခါကျတော့ အသိအမှတ်ပြုတယ်လို့ တိတိကျကျပြောနိုင်တာမရှိပါဘူး။ အဲဒါကြောင့် အခု ပြည်နယ်နှင့်တိုင်းဒေသကြီးတွေမှာ Drone နဲ့တိုင်းနေခြင်းကို အသိအမှတ်ပြု

ပါသလား။ အဲဒါကို ကျွန်တော်တို့က တိတိကျကျသိချင်ပါတယ်။ အသိအမှတ်ပြုတယ်ဆိုရင် ကျွန်တော်တို့က ဒါကို အားသွန်ခွန်စိုက်လုပ်ရမှာဖြစ်သလို အသိအမှတ်မပြုဘူးဆိုရင်လည်း စောစောကပြောသလို မြေပြင်ကို မြေပုံပေါ်မတင်နိုင်တဲ့အခြေအနေကို အခုအသိအမှတ်မပြုနိုင်ဘူး ဆိုရင် ဘယ်ပုံစံမျိုးနဲ့ မြေပြင်ကအခြေအနေကို မြေပုံပေါ်တင်ဖို့ကို ပြင်ဆင်ဆောင်ရွက်ထားပါသလဲ ဆိုတာကို သိလိုတဲ့အတွက် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မွန်ပြည်နယ်၊ ဘီးလင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ကိုကိုဦး(ခ)ဦးအတွတ်ရဲ့ မေးခွန်းအပေါ် ပြန်လည်ဖြေကြားပါမယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနအနေနဲ့ မြေကြီးမြေပုံမှန်ကန်ဖို့ ဌာနရဲ့ အဓိကလုပ်ငန်းတစ်ရပ်ဖြစ်တဲ့ မြေတိုင်းတာခြင်းလုပ်ငန်းတွေနဲ့စပ်လျဉ်းပြီး လက်ရှိအကောင်အထည် ဖော်ဆောင်ရွက်နေမှုအခြေအနေတွေကို ဦးစွာတင်ပြလိုပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးအနေနဲ့ လယ်ယာမြေပိုင်ဆိုင်မှုပုံစံ(၇)တွေကို မြန်ဆန်စွာနဲ့မှန်ကန်စွာထုတ်ပေးဖို့ ကုန်ထုတ်လမ်းဖောက်ရာမှာ၊ ညှိနှိုင်းဆောင်ရွက်ရာမှာအဆင်ပြေချောမွေ့စေဖို့၊ မြေနုကျွန်းပြဿနာတွေကို မြေပုံပေါ်တွင်ဖြေရှင်း နိုင်ဖို့၊ ခေတ်မီနည်းစနစ်ဖြစ်တဲ့ Drone အသုံးပြုတိုင်းတာပေးနိုင်ခြင်းရှိ/မရှိနဲ့စပ်လျဉ်းပြီး မေးခွန်း မေးမြန်းထားခြင်းဖြစ်ပါတယ်။ မိမိတို့ဝန်ကြီးဌာနအောက်မှာရှိတဲ့ လယ်ယာမြေစီမံခန့်ခွဲရေးနဲ့ စာရင်းအင်းဦးစီးဌာနဟာ လုပ်ငန်းပမာဏကြီးမားကျယ်ပြန့်တဲ့ အထက်ပါလုပ်ငန်းကို ယခင်တိုင်းတာ ဆောင်ရွက်ခဲ့တဲ့ နည်းစနစ်ဟောင်းတွေကနေပြီးတော့ တိကျမြင့်မားတဲ့ ခေတ်မီမြေတိုင်းကိရိယာ(RTK GPS, Total Station)တွေကို အသုံးပြုဆောင်ရွက်နေသလို မြေပုံရေးဆွဲရာမှာလည်း ကွန်ပျူတာ စနစ်သုံး GIS Software တွေကို အသုံးပြုခြင်းအားဖြင့် ဒစ်ဂျစ်တယ်စနစ်ကွင်းမြေပုံများ ရေးဆွဲ ဆောင်ရွက်လျက်ရှိပါတယ်။ ဌာနအနေနဲ့ ဒစ်ဂျစ်တယ်စနစ်ကွင်းမြေပုံတွေကို ထုတ်လုပ်ဖို့အတွက် ခေတ်မီမြေတိုင်းကိရိယာတွေဖြစ်တဲ့ RTK GPS အစုံ ၇၀၀ နဲ့ Total Station ၄၄၄ စုံကိုလည်း ဝယ်ယူဖြည့်တင်းဆောင်ရွက်လျက်ရှိပါတယ်။ နေပြည်တော်တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်နဲ့ မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနအသီးသီးကို ဖြန့်ဝေထားရှိဆောင်ရွက်ပေးလျက် ရှိပါတယ်။ နှစ်စဉ်မြေတိုင်းစီမံချက်များရေးဆွဲတာနဲ့အတူ နိုင်ငံတော်ရဲ့ဘတ်ဂျက် ခွင့်ပြုငွေပေါ် မူတည်ပြီး မြေတိုင်းတာမြေပုံရေးဆွဲခြင်းလုပ်ငန်းတွေကို ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါ တယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မှန်ကန်တိကျတဲ့ မြေအသုံးချမှုဆိုင်ရာ သတင်းအချက်အလက်တွေရရှိဖို့ ဆောင်ရွက်ရာမှာလည်းကောင်း၊ ခေတ်မီလယ်ယာမြေဖော်ထုတ်ရာမှာ မြေတိုင်းတာမြေပုံရေးဆွဲခြင်း စတဲ့ လုပ်ငန်းများကိုလည်းကောင်း Drone ဆိုတဲ့ မောင်းသူမဲ့လေယာဉ်ငယ်များ အသုံးပြုဆောင်ရွက် နိုင်မယ်ဆိုရင်တော့ မိမိတို့လုပ်ငန်းတွေဟာ ပိုမိုလျင်မြန်မှန်ကန်စွာ ဆောင်ရွက်သွားနိုင်မယ့်

အခြေအနေဖြစ်ပါတယ်။ သို့ပါသော်လည်းပဲ အဆိုပါ Drone တွေကိုအသုံးပြုပြီး မြေတိုင်းတာခြင်း လုပ်ငန်းဆောင်ရွက်ရာမှာ ပုံရိပ်အရည်အသွေးမြင့်တဲ့ ကင်မရာတွေကိုတပ်ဆင်အသုံးပြုပြီး ရိုက်ကူး ရရှိတဲ့ပုံရိပ်တွေကို ကွန်ပျူတာစနစ်အသုံးပြုတဲ့ မြေပုံများထုတ်လုပ်နိုင်ဖို့အတွက် အရည်အသွေးမြင့် ကွန်ပျူတာ(High Capacity Computer)တွေ လိုအပ်မှာဖြစ်ပါတယ်။ Drone တွေကို ကိုင်တွယ် အသုံးချမှုဆိုင်ရာ နည်းပညာများကိုလည်းပဲ လိုအပ်မှာဖြစ်ပါတယ်။ တစ်ဆက်တည်းမှာပဲ မြေပုံတိုင်းတာထုတ်လုပ်ခြင်းဆိုင်ရာနည်းပညာများနှင့် လက်တွေ့ကျွမ်းကျင်မှုသင်တန်းများ၊ ဆက်စပ် ပစ္စည်းများ ပြည့်စုံစွာဖြည့်ဆည်းပေးရန်လည်း လိုအပ်မှာဖြစ်ပါတယ်။

ဒါကြောင့် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနအနေနဲ့ လက်ရှိအခြေအနေ မှာတော့ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးမြန်းထားတဲ့မေးခွန်းမှာပါတဲ့ Drone များကို အသုံးပြုရန်ကိစ္စမှာ မိမိတင်ပြခဲ့တဲ့အခြေအနေများအနေအထားကြောင့် ဌာနအနေနဲ့ ဒစ်ဂျစ်တယ် ကွင်းမြေပုံများထုတ်လုပ်ခြင်းအပါအဝင် လယ်ယာမြေပိုင်ဆိုင်မှုဇယား ပုံစံ(၇)ထုတ်ပေးခြင်း၊ ကုန်ထုတ် လုပ်ငန်းဖောက်လုပ်ခြင်းနဲ့ မြေနုကျွန်းပြဿနာများကို လက်ရှိအသုံးပြုနေတဲ့ ခေတ်မီမြေတိုင်း ပစ္စည်းများဖြင့်သာ အဆင်ပြေချောမွေ့စွာဆောင်ရွက်နိုင်တဲ့ အခြေအနေများရှိနေသေးတဲ့အတွက် Drone ဖြင့် မြေတိုင်းတာပေးနိုင်ဖို့အတွက် လတ်တလောအစီအစဉ်မရှိသေးပါကြောင်း ပြန်လည် ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးတင်ကိုကိုဦး(ခ)ဦးအတွတ်(ဘီးလင်းမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို ဆက်စပ်မေးခွန်း မေးခွင့်ပြုပါ။ အခု ဝန်ကြီးကိုယ်တိုင်လည်းပြောသွားတာရှိပါတယ်။ Drone နဲ့ တိုင်းခဲ့မယ်ဆိုရင် လုပ်ငန်းကပိုပြီးတော့ မှန်ကန်ဖို့လည်းရှိတယ်။ မြန်ဆန်မှုလည်းရှိတယ်။ ဒါပေမဲ့ ဌာနက ဆောင်ရွက်နိုင်ဖို့အတွက် ခက်ခဲတယ်လို့ဆိုပါတယ်။ အဲဒီတော့ ကျွန်တော်တို့က မြေကြီးမြေပုံ မှန်ကန်ဖို့တာ သိပ်အရေးကြီးပါတယ်။ ဘယ်လောက်အရေးကြီးလဲလို့ လက်ရှိအခြေအနေမှာကို ကျွန်တော်တို့က မြေကြီးမြေပုံမမှန်ကန်တဲ့အတွက်ကြောင့် ပြည်သူတွေလည်းစိတ်ဆင်းရဲရတယ်။ အစိုးရတစ်ရပ်ဟာလည်း တည်ငြိမ်မှုဟာ ဒီမြေကြီးမြေပုံမှန်ကန်မှုဟာ အများကြီးအထောက်အကူ ပြုနေတာဖြစ်ပါတယ်။ အခု ဒီ Drone ရဲ့ တန်ဖိုးဟာဆိုရင် သိန်း ၃၀ နဲ့ ၃၅ သိန်းကြားမှာရှိပါတယ်။ စောစောကျွန်တော်ပြောခဲ့သလို ပြည်နယ်နှင့်တိုင်းဒေသကြီးတွေမှာသုံးနေတဲ့ Agisoft Software ဆိုတာ ဒါ Office Word ပါ။ အဲဒီတော့ ကျွန်တော်တို့က Drone တွေတိုင်းပြီးတဲ့အခါကျရင် Office Word က မြို့နယ်တိုင်းမလုပ်နိုင်သေးရင်တောင် ခရိုင်လောက်မှာထားပြီးတော့ Drone ကိုကတော့ မြို့နယ်အလိုက်တိုင်း ခရိုင်လောက်မှာကို ကွန်ပျူတာတစ်လုံးနဲ့ Agisoft Software လက်ရှိသုံးနေတဲ့ ဟာပါ။ ဒါကတော့ ဘယ် Software သုံးသုံးပါ။ ဆိုတော့ အဲဒီလောက်လုပ်မယ်ဆိုရင် အခု ဌာနကသင်ပေးတာတွေကိုတောင် အပြင်မှာလုပ်နေတာတွေဟာ ဒီလောက်အချိန်မယူရဘူးခင်ဗျား။ လွန်ရောကျွံရော တစ်လပါ။ အဲဒီအခါကျတော့ တကယ်လို့သာ ဌာနက နည်းစနစ်မှန်မှန်သင်ပေးမယ် ဆိုရင် ဒီဥစ္စာဟာ မြန်မြန်ဆန်ဆန်အကောင်အထည်ဖော်နိုင်တာဖြစ်တဲ့အတွက်ကြောင့် အဲဒီလို ဌာနက အားစိုက်လုပ်ဖို့ကော အစီအစဉ်မရှိဘူးလားဆိုတာလေးကို ကျွန်တော်တစ်ဆက်တစ်စပ်တည်း မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဝန်ကြီးဌာနက ဖြေကြားဖို့ဖြစ်ပါတယ်။

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ ဆက်စပ်မေးခွန်းနဲ့စပ်လျဉ်းပြီး အတိုချုပ်ရှင်းလင်း ပြန်လည်ဖြေကြားပေးပါမယ်။ ကျွန်တော်တို့ Drone တွေအသုံးပြုဆောင်ရွက်မယ်ဆိုရင်တော့ မိမိတင်ပြတဲ့အတိုင်း လုပ်ငန်းတွေ ပိုမိုလျင်မြန်မှန်ကန်စွာဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ မိမိဖြေကြားတဲ့အထဲမှာပါတဲ့ ဒီအကန့်အသတ်တွေကို ပူးပေါင်းဆောင်ရွက်လာပေးနိုင်မယ့်အဖွဲ့အစည်းများရှိလာနိုင်မယ်ဆိုရင် ပညာရပ်ပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်လာမယ့်အဖွဲ့အစည်းများရှိလာရင် ကြိုဆိုပါတယ်။ ယင်းတို့နဲ့ ညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားနိုင်မယ့် အခြေအနေဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ကို မည်သည့်နေ့ရက်တွင် စတင်ဖွဲ့စည်းခဲ့ပါသနည်း၊ အဆိုပါအဖွဲ့၏ ဥပဒေပါရည်ရွယ်ချက်များ အောင်မြင်ရေးအတွက် မည်သို့ဆောင်ရွက်လျက်ရှိသည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)**။ ။ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ မြေပုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်း ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမယ့်မေးခွန်းကတော့ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေပါ ဦးဆောင်အဖွဲ့ကို မည်သည့်နေ့ရက်တွင် စတင်ဖွဲ့စည်းပေးခဲ့ပြီး ဥပဒေပါ အခွင့်အရေးနှင့် အကျိုးစီးပွားရရှိအောင် မည်သို့ဆောင်ရွက်လျက်ရှိသည်။ မည်သို့ရှေ့ဆက်ဆောင်ရွက်သွားမည်ကို သိရှိလို၍ မေးမြန်းရခြင်းဖြစ်ပါတယ်။

လေးစားရပါတဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်နေ့မှာ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၂ နှင့် ပြဋ္ဌာန်းခဲ့ပါတယ်။ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်နေ့မှာ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၄၇ ဖြင့် ဥပဒေကိုပြင်ဆင်ခဲ့ပြီး ယင်းဥပဒေပုဒ်မ ၄ မှာ ဦးဆောင်အဖွဲ့ကို ဒုတိယသမ္မတတစ်ဦးဦးဆောင်ဖွဲ့စည်းရမည်ဟု ဖော်ပြထားပါတယ်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဟာ ၂၀၁၅ ခုနှစ်၊ မေလ ၂၉ ရက်နေ့မှာ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးနည်းဥပဒေကို အမိန့်ကြော်ငြာစာအမှတ် (၁၁/၂၀၁၅)နဲ့ ထုတ်ပြန်ခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခုဆိုရင် ဒီဥပဒေကိုပြဋ္ဌာန်းခဲ့တာ လေးနှစ်ကျော်ရှိပါပြီ။ နည်းဥပဒေကို ပြဋ္ဌာန်းခဲ့တာလည်း သုံးနှစ်ကျော်ရှိလာပါပြီ။ ဒီလိုအချိန်ကာလတစ်ခုကိုရောက်တဲ့အခါမှာ ဦးဆောင်အဖွဲ့ဟာ ဒီဥပဒေပုဒ်မ ၃ ပါရည်ရွယ်ချက်တွေကို ဘယ်လောက်ထိအကောင်အထည်ဖော်နိုင်ခဲ့ပြီလဲ ဆိုတာကို ပြန်သုံးသပ်ပြီး ပြည်သူကို ချပြဖို့လိုအပ်မယ်လို့ထင်တဲ့အတွက် ဒီမေးခွန်းကိုမေးရခြင်းဖြစ်ပါတယ်။ ဦးဆောင်အဖွဲ့ရဲ့ပုဒ်မ ၅ မှာ လုပ်ငန်းတာဝန် (၁၃)ချက်၊ ပုဒ်မ ၈ မှာ လယ်သမားများ အခွင့်အရေးရရှိအောင် ကူညီညှိနှိုင်းပေးရမယ့်အချက် ငါးချက်၊ ပုဒ်မ ၉ မှာ တောင်သူလယ်သမားများ

အတွက် ဦးဆောင်ပေးရမယ့်အခွင့်အရေး အကျိုးစီးပွားငါးချက်။ ဒီအချက်တွေကို ဦးဆောင်အဖွဲ့အနေနဲ့အပြည့်အဝအကောင်အထည်ဖော်နိုင်ခဲ့ပြီဆိုရင်တော့ ဒီနေ့လယ်သမားတွေရဲ့ဆင်းရဲဒုက္ခတွေဟာ အတော်အတန်ပြေငြိမ်းနိုင်ပြီလို့ ယူဆပါတယ်။ အချိန်အကန့်အသတ်ကြောင့် ဒီအချက်တွေကို အသေးစိတ် ကျွန်တော်မတင်ပြနိုင်တော့ပါဘူး။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဤဥပဒေပုဒ်မ ၁၁ မှာ ဦးဆောင်အဖွဲ့သည် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရေးအတွက် လိုအပ်သောနည်းပညာ၊ အရင်းအနှီး၊ စက်ပစ္စည်းကုန်ကြမ်းအစရှိသည်တို့ကို ညှိနှိုင်းဆက်စပ်ဖြည့်ဆည်းဆောင်ရွက်ပေးရမည်လို့ ဖော်ပြထားပါတယ်။ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ဆိုတာတော့ ခေတ်အဆက်ဆက်အစိုးရတွေရဲ့ကြွေးကြော်သံပဲဖြစ်ပါတယ်။ ဦးဆောင်အဖွဲ့အနေနဲ့ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို တကယ်တမ်းလိုက်နာကျင့်သုံးအကောင်အထည်ဖော် ဆောင်ရွက်နိုင်မယ်ဆိုလျှင် တောင်သူလယ်သမားတွေရဲ့ဘဝ လူမွေးလူတောင်ပြောင်လာလိမ့်မယ်လို့ ကျွန်တော်ယူဆပါတယ်။ အခုနေမှာတော့ တောင်သူလယ်သမားတွေဟာ ကြီးပွားတာမမြင်ရဘဲ ညည်းတွားတာကိုပဲ ကြားနေရတဲ့အတွက် ဒီအပေါ်မှာ တာဝန်ရှိပုဂ္ဂိုလ်များအနေနဲ့ ဒီဥပဒေပါရည်ရွယ်ချက်တွေအောင်မြင်ဖို့ ဘယ်လောက်ထိလုပ်နိုင်ခဲ့ပြီလဲ၊ ဘယ်လောက်ထိအကျိုးကျေးဇူးရလဒ်ကောင်းတွေကို လယ်သမားတွေခံစားနေရပြီ ဒါမှမဟုတ် ဘယ်လိုအခက်အခဲတွေရှိနေတယ်၊ ဘယ်လိုရည်မှန်းချက်တွေနဲ့ဆက်ပြီးတော့ အကောင်အထည်ဖော်သွားမယ်ဆိုတာကို သိလိုတဲ့အတွက် လွှတ်တော်ကြီးမှတစ်ဆင့် ပြည်သူတွေ သိရှိအောင်ချပြစေချင်လို့ အထက်ပါမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားပေးရန်ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရခိုင်ပြည်နယ်၊ မြေပုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်းရဲ့ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေနှင့်စပ်လျဉ်းတဲ့မေးခွန်းအပေါ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားပေးမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ ညည်းတွားနေတဲ့တောင်သူလယ်သမားတွေကြီးပွားဖို့အတွက် ဒီမေးခွန်းကိုမေးတဲ့အပေါ်မှာ မိမိဝန်ကြီးဌာနအနေနဲ့ အများကြီးကျေးဇူးတင်ရှိကြောင်း ပဏာမတင်ပြလိုပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းမှာ အချက်နှစ်ချက် ဦးတည်မေးမြန်းထားကြောင်း တွေ့ရှိရပါတယ်။ ပထမအချက် တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေပုဒ်မ ၄ အရ တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့ ဖွဲ့စည်းမှုနဲ့ ဒုတိယအချက်အဖြစ် အဆိုပါဦးဆောင်အဖွဲ့ရဲ့ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေပါ ရည်ရွယ်ချက်တွေအောင်မြင်ဖို့ ဥပဒေပါ အခွင့်အရေးနှင့် အကျိုးစီးပွားတွေရရှိအောင် မည်သို့ဆောင်ရွက်လျက်ရှိမှုနှင့် ရှေ့ဆက်ဆောင်ရွက်သွားမယ့်အစီအမံများနဲ့ စပ်လျဉ်းတဲ့မေးခွန်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုနိုင်ပါရန် တင်ပြအပ်ပါတယ်။ ပထမဦးစွာ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းပါ ပထမအချက်ပေါ် ပြန်လည်ဖြေကြားပါမယ်။ တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေးဦးဆောင်အဖွဲ့ကို အဖွဲ့ခေါင်းဆောင်အဖြစ် နိုင်ငံတော်ဒုတိယသမ္မတ(၂)က ဆောင်ရွက်ပြီး အတွင်းရေးမှူးအဖြစ် ပြည်ထောင်စုဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့ပါဝင်တဲ့ အဖွဲ့ဝင် ၃၈ ဦးနဲ့ ၁၆-၆-၂၀၁၆ ရက်နေ့မှာ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ အမိန့်ကြော်ငြာစာအမှတ်(၄၈/၂၀၁၆)နဲ့ ဖွဲ့စည်းခဲ့ပါတယ်။

ဒုတိယမေးမြန်းချက်ဖြစ်တဲ့ ဥပဒေပါ ရည်ရွယ်ချက်တွေအောင်မြင်ဖို့ ဆောင်ရွက်ချက်နှင့် စပ်လျဉ်းပြီး ဥပဒေပါရည်ရွယ်ချက်တွေကို ပြန်လည်တင်ပြရမယ်ဆိုလျှင် (က) အရင်းအနှီးရရှိရေးအတွက် တောင်သူလယ်သမားများအား သင့်တင့်တဲ့ချေးငွေနှင့် အကူအညီပေးရေး အထောက်အကူပြုဖို့၊ (ခ) ထုတ်လုပ်မှု တိုးတက်ဖို့အတွက် တောင်သူလယ်သမားတွေကို နည်းပညာ၊ သွင်းအားစုနှင့် ထုတ်လုပ်မှုလုပ်ငန်းဆိုင်ရာတို့ကို လွယ်ကူအဆင်ပြေစွာပံ့ပိုးပေးနိုင်ရေး စီမံဆောင်ရွက်ဖို့၊ (ဂ) လယ်ယာထုတ်ကုန်များ ရောင်းချရာမှာ သင့်တင့်မျှတတဲ့ဈေးနှုန်းနှင့် ဈေးကွက်ရရှိရေးအတွက် တောင်သူလယ်သမားကို ကူညီဆောင်ရွက်ဖို့၊ (ဃ) လုပ်ကွက်ငယ်တောင်သူလယ်သမားများရဲ့ အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးကို ထိရောက်စွာဆောင်ရွက်ရေးနဲ့ (င) သဘာဝဘေးအန္တရာယ် တစ်စုံတစ်ရာကြောင့် ပျက်စီးဆုံးရှုံးမှုများနှင့် ထိခိုက်နစ်နာမှုများအတွက် ကူညီထောက်ပံ့မှုတွေကို အတတ်နိုင်ဆုံး အထောက်အကူပြုပံ့ပိုးရန် တို့ဖြစ်ပါတယ်။

ဒီရည်ရွယ်ချက်တွေနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့အတွက် ဦးဆောင်အဖွဲ့ရဲ့ ကြီးကြပ်မှုနဲ့ တိုင်းဒေသကြီး၊ ပြည်နယ်များမှာ တိုင်းဒေသကြီး၊ ပြည်နယ် ဝန်ကြီးချုပ်များက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်တဲ့ လုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းထားပါတယ်။ လုပ်ငန်းတွေ အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ အချိတ်အဆက်မိမိနဲ့ ဆောင်ရွက်နိုင်ဖို့အတွက် ဥပဒေပါရည်ရွယ်ချက်နှင့် ထိတွေ့ဆက်စပ်နေတဲ့ ဝန်ကြီးဌာနများနှင့် လုပ်ငန်းကော်မတီ(၃)ရပ်ကို ဖွဲ့စည်းထားပါတယ်။ စိုက်ပျိုးရေးနည်းပညာ၊ သွင်းအားစုနှင့် ကုန်ထုတ်လုပ်မှုလုပ်မှုဆိုင်ရာလုပ်ငန်းကော်မတီ၊ မွေးမြူရေးနှင့် ရေလုပ်ငန်း စီမံခန့်ခွဲရေးလုပ်ငန်းကော်မတီနှင့် လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့တို့ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးလုပ်ငန်းအဖွဲ့ အဆင့်ဆင့်အနေနဲ့ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် အပြန်အလှန်ချိတ်ဆက်ပြီး၊ ဥပဒေပါရည်ရွယ်ချက်များအတိုင်း အထမြောက်အောင်မြင်စေဖို့အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိတဲ့အခြေအနေကို တင်ပြပါမယ်။ အရင်းအနှီးရရှိရေးအတွက် တောင်သူတွေ သင့်တင့်တဲ့ချေးငွေနဲ့ အထောက်အကူပြုနိုင်ရန် ရည်ရွယ်ချက်နှင့်စပ်လျဉ်းပြီး ပြည်နယ်/တိုင်းဒေသကြီးအလိုက် သီးနှံများစိုက်ပျိုးစရိတ်အတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ကနေ ချေးငွေများထုတ်ပေးခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိပါတယ်။ အလားတူ ထုတ်လုပ်ရေးသမဝါယမအသင်းတွေကနေပြီးတော့ အသေးစားအရင်းအနှီးချေးငွေများ ထုတ်ချေးပေးခြင်းလုပ်ငန်းနှင့် လက်မှုလယ်ယာမှ စက်မှုလယ်ယာကူးပြောင်းဖို့အတွက် လယ်ယာမြေအဆင့်မြှင့်တင်ခြင်းလုပ်ငန်းတွေအတွက် ချေးငွေများထုတ်ချေးပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ တောင်သူလယ်သမားများ ရာသီအချိန်မီချေးငွေရရှိရေးနှင့် လုပ်ငန်းခွင်တွေမှာ ထိထိရောက်ရောက် သုံးစွဲနိုင်ဖို့အတွက် သက်ဆိုင်ရာ

ကော်မတီတွေက တိုင်းဒေသကြီးလုပ်ငန်းအဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ထုတ်လုပ်မှုတိုးတက်ရေးအတွက် တောင်သူလယ်သမားတွေကို နည်းပညာသွင်းအားစုနှင့် ထုတ်လုပ်မှုလုပ်ငန်းဆိုင်ရာများ လွယ်ကူအဆင်ပြေစွာ ပံ့ပိုးပေးနိုင်ဖို့ ရည်ရွယ်ချက်ပြီး စိုက်ပျိုးထုတ်လုပ်မှုအပိုင်းမှာ ကောင်းမွန်တဲ့စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP-Good Agriculture Practices)ပညာပေးလုပ်ငန်းတွေ၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးအသုံးပြုမှုနဲ့ ပတ်သက်ပြီး ပညာပေးလုပ်ငန်းများနှင့် ထုတ်လုပ်ဖြန့်ဖြူးမှုတွေကို ဥပဒေနှင့်အညီ ဖြစ်စေရေး လုပ်ငန်းတွေ၊ မျိုးစေ့ကုန်ကျမှုနှင့် စိုက်ပျိုးရေလိုအပ်မှုကို သိသာစွာလျှော့ချနိုင်မယ့် စပါးသီးနှံ အပါအဝင် စိုက်ပျိုးရေးပညာပေးလုပ်ငန်းတွေ၊ လုပ်ကွက်ငယ်တောင်သူလယ်သမားတွေကို လက်တွန်းထွန်စက်နှင့် ထွန်စက်ကြီးတွေကို နှစ်နှစ်၊ သုံးရစ်ဆပ်စနစ်နှင့် ရောင်းချပေးခြင်းလုပ်ငန်းများ တောင်သူမိသားစုဝင်များကို မောင်းနှင်ရေးသင်တန်းနှင့် ပြင်ဆင်သင်တန်းပေးခြင်းလုပ်ငန်းများ အပါအဝင် ယခင်ကတည်းက အောင်မြင်စွာဆောင်ရွက်လျက်ရှိတဲ့ ငါးမွေးမြူရေးကန်တွေကိုတော့ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေနှင့်အညီ စိစစ်ပြီး လုပ်ပိုင်ခွင့်တရားဝင်ရရှိရေးလုပ်ငန်းတွေကို သက်ဆိုင်ရာကော်မတီတွေက တိုင်းဒေသကြီးလုပ်ငန်းအဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လယ်ယာထွက်ကုန်များရောင်းချရာမှာ သင့်တင့်မျှတတဲ့ဈေးနှုန်းနှင့် တောင်သူလယ်သမားတွေကို ကူညီဆောင်ရွက်ပေးရန် ရည်ရွယ်ချက်နှင့်အညီ သမားရိုးကျ စိုက်ပျိုးနည်းစနစ်မှ တောင်သူများအကျိုးဖြစ်ထွန်းစေမယ့် Profitable Agriculture System ကို ကူးပြောင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိပါတယ်။ သီးနှံအထွက်တိုးရုံမက စီးပွားရေးတွက်ချေကိုက်မှုရှိစေရန် အတွက်လည်း လိုအပ်တဲ့သီးနှံတွေရဲ့ ပြည်တွင်းပြည်ပဈေးကွက်ဆိုင်ရာ သတင်းအချက်အလက်များ အချိန်နှင့်တပြေးညီသိရှိနိုင်ရေးအတွက် စီမံဆောင်ရွက်ပေးလျက်ရှိပါတယ်။ မိမိတို့ဝန်ကြီးဌာနမှာ ဈေးနှုန်းသတင်းအချက်အလက်စုစည်းရေးဌာနကိုဖွဲ့စည်းပြီး တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးက ဈေးကွက်သတင်းအချက်အလက်တွေကောက်ယူပြီး၊ မြေပြင်ဈေးကွက်သတင်းများရရှိရေး ထုတ်ပြန်ဆောင်ရွက်ပေးလျက်ရှိပါတယ်။

အထူးသဖြင့် စပါးစိုက်တောင်သူများ ဝင်ငွေနှင့် အကျိုးစီးပွားအာမခံချက်ရရှိစေဖို့ရည်ရွယ်ပြီးတော့ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်က ၂၀၁၈ ခုနှစ်၊ နွေစပါးရာသီမှာ စိုက်ပျိုးထုတ်လုပ်တဲ့ စပါးသီးနှံကနေအစပြုပြီး အခြေခံရည်ညွှန်းစပါးဈေးနှုန်းကို တင်း ၁၀၀ လျှင် ကျပ် ၅ သိန်းနှုန်းဖြင့် သတ်မှတ်ကြောင်းကိုလည်း ၂၀၁၈ ခုနှစ်၊ မတ်လ ၆ ရက်နေ့က ကျင်းပပြုလုပ်ခဲ့တဲ့ မြန်မာ့ဆန်စပါးကဏ္ဍဖွံ့ဖြိုးရေးနှီးနှောဖလှယ်ပွဲမှာလည်းပဲ အတိအလင်းထုတ်ပြန် ကြေငြာပေးခဲ့ပြီး ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လုပ်ကွက်ငယ်တောင်သူလယ်သမားများရဲ့ အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေးကို ထိရောက်စွာဆောင်ရွက်နိုင်ရေးနှင့်စပ်လျဉ်းပြီး လုပ်ကွက်ငယ်တောင်သူလယ်သမားများနှင့် အဓိက ဆက်စပ်နေတဲ့ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေကို သိမြင်သဘောပေါက်ကျင့်သုံးဆောင်ရွက်နိုင်စေဖို့အတွက် လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့အဆင့်ဆင့်က အလျဉ်းသင့်တဲ့ အချိန်အခါတိုင်းမှာ အသိပေးဆောင်ရွက်မှုများ ထုတ်ပြန်ပေးလျက်ရှိပါတယ်။ တောင်သူလယ်သမား အကျိုးစီးပွားကာကွယ်ရေးဥပဒေဟာ လုပ်ကွက်ငယ်တောင်သူလယ်သမားများကို အဓိက ဦးတည်

ပြဋ္ဌာန်းတာဖြစ်တဲ့အတွက် ဒီလိုဥပဒေပါတောင်သူများ အကျိုးခံစားခွင့်များအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိနေပြီ ဖြစ်ပါတယ်။ သိမ်းဆည်းမြေများ ပြန်လည်ရရှိဖို့နှင့် ပြန်လည်အပ်နှံလာမှုအပေါ်မှာ မူလပိုင်ရှင်များ အမှန်တကယ်ရရှိဖို့အတွက် ချမှတ်ထားတဲ့ မူဝါဒ၊ လုပ်ငန်းတွေနှင့်အညီ ဆောင်ရွက်ပေးခြင်းလုပ်ငန်းတွေကိုလည်းပဲ သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် ဆက်စပ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

သဘာဝဘေးအန္တရာယ်တစ်စုံတစ်ရာကြောင့် ပျက်စီးဆုံးရှုံးမှုတွေနှင့် ထိခိုက်နစ်နာမှုတွေအတွက် ကူညီထောက်ပံ့ပေးမှုများကိုလည်း အတတ်နိုင်ဆုံးအထောက်အကူပြုပံ့ပိုးရန် ရည်ရွယ်ချက်နှင့်အညီ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက သီးနှံအာမခံစနစ် အကောင်အထည်ဖော်နိုင်ဖို့အတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ဆက်စပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။ သဘာဝဘေးအန္တရာယ်ကြောင့် သီးနှံပျက်စီးမှုကို သင့်တင့်မျှတတဲ့နှုန်းထားနဲ့ ကျပ် ၄.၆၆ ဘီလီယံကို ယခင်နှစ်က ထောက်ပံ့ပေးခဲ့ပြီး ဖြစ်ပါတယ်။ ယခုအခါမှာ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေကို ပြင်ဆင်ရေးဆွဲနိုင်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်။ ပြင်ဆင်ရေးဆွဲပြဋ္ဌာန်းပြီးပါက ဥပဒေနှင့်အညီ တောင်သူတွေရဲ့အကျိုးစီးပွားနှင့် အခွင့်အရေးများ ရှေ့ကိုဆက်လက် ပိုမိုဆောင်ရွက်ပေးနိုင်ဖို့အတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းကို ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)**။ ။ ယခုလိုဖြေကြားပေးတဲ့ ဒုတိယဝန်ကြီးကို အများကြီးကျေးဇူးတင်ပါတယ်။ ဒုတိယဝန်ကြီးပြောတဲ့ထဲမှာ စိတ်ဝင်စားစရာတွေအများကြီးပါပါတယ်။ အဲဒီထဲက သိချင်တဲ့အချက်ကို တစ်ဆက်တစ်စပ်မေးခွန်းအနေနဲ့ မေးချင်ပါတယ်။ ဒုတိယဝန်ကြီးပြောတဲ့ လယ်ယာကုန်ထုတ်ပစ္စည်းတွေပေါ့နော်။ ရိတ်သိမ်းခြွေလှေ့စက်တွေ၊ ထွန်စက်တွေ အဲဒါမျိုးကို ထောက်ပံ့ပေးနေတယ်။ အရစ်ကျစနစ်နဲ့ ပြန်ပြီးတော့ဆပ်ခိုင်းနေတယ်။ အဲဒီလိုဆိုတာ ကြားရပါတယ်။ ဆိုတော့ အဲဒါအပေါ်မှာကျွန်တော့်အနေနဲ့ လယ်သမားတွေရဲ့ဆန္ဒအရ အဲဒါကို စိတ်လည်းဝင်စားတယ်။ အဲဒီအခွင့်အရေးကိုလည်း ရယူချင်တယ်။ ဒီလိုလုပ်ငန်းတွေကို၊ ဒီလိုလယ်ယာကုန်ထုတ်ပစ္စည်းတွေကို တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ဘယ်လောက်ထိကျယ်ကျယ်ပြန့်ပြန့်လုပ်နိုင်ခဲ့ပြီလဲ။ အရေအတွက်အားဖြင့် ဘယ်လောက်လုပ်နိုင်ခဲ့သလဲ။ ဘယ်လောက်ထုတ်ပေးနိုင်ခဲ့သလဲဆိုတာလည်း သိချင်တယ်။ နောက်ပြီးတော့ အခုအချိန်မှာ အဲဒီလိုအခက်အခဲရှိမယ်ဆိုတာလည်း ကျွန်တော်တို့ နားလည်ပါတယ်။ တစ်ပြည်လုံးအနှံ့အပြားမှာမရောက်နိုင်သေးဘူးဆိုတာလည်း နားလည်ပါတယ်။ အဲဒီအပေါ်မှာ ပိုပြီးတော့ လယ်သမားတွေ အဲဒီအကူအညီ အထောက်အပံ့တွေရအောင် ရှေ့ဆက်ပြီးတော့၊ ဘယ်လိုလုပ်ပြီးတော့ အဲဒီကုန်ထုတ်ပစ္စည်းတွေကို ထပ်ပြီးတော့ ဖြန့်ဝေသွားမလဲ၊ တောင်သူလယ်သမားအပေါ်မှာ ဘယ်လိုအကျိုးသက်ရောက်အောင် အရစ်ကျစနစ်နဲ့ထုတ်ပေးသွားမလဲဆိုတာလည်း တစ်ချက်လောက်သိချင်တဲ့အတွက် ထပ်ဆင့်မေးခွန်းမေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဝန်ကြီးဌာနက ဖြေကြားပေးရန် ဖြစ်ပါတယ်။

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့ တစ်နိုင်ငံလုံးအတိုင်းအတာအရ တောင်သူလယ်သမားတွေ

ကို လယ်ယာသုံးစက်ကိရိယာများ ဖြန့်ဖြူးပေးနိုင်တဲ့အခြေအနေကို သီးခြားစာနဲ့လွှတ်တော်ကိုယ်စားလှယ်ကြီးဆီကို အသေးစိတ်ပြန်ကြားပေးပါမယ်။ ဒီလုပ်ငန်းကို ပိုမိုပြီးတော့ ကျယ်ပြန့်စွာ ဆောင်ရွက်သွားနိုင်ဖို့အတွက် နိုင်ငံတော်အစိုးရရဲ့တစ်ဦးတည်းရဲ့အားနဲ့မရတဲ့အတွက် ပုဂ္ဂလိက အဖွဲ့အစည်းတွေရဲ့ ပူးပေါင်းဆောင်ရွက်မှုနဲ့လည်းပဲ မြှင့်တင်ဆောင်ရွက်သွားဖို့လည်း စီမံအကောင်အထည်ဖော်လျက်ရှိပါကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ ဆက်စပ်မေးခွန်းအပေါ် ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**လေရှီးမြို့နယ်၊ ကူကီး၊ ကုံကိုင်လုံ၊ ပန်ဆပ်၊ ဖန်သရက်၊ ဟိန်ကွပ်၊ နမ်ယူပီအုပ်စုတို့နှင့် ဆွမ္မရာမြို့များရှိ လှေကားထစ်လယ်ကွက်ငယ်များကို ကျွဲ၊ နွား အသုံးပြုနိုင်သည့် လယ်ကွက်များအဖြစ် ချဲ့ပေးရန်အတွက် ရန်ပုံငွေခွင့်ပြုပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လေရှီးမဲဆန္ဒနယ်မှ ဦးကျော်ငွေး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးကျော်ငွေး(လေရှီးမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လေရှီးမဲဆန္ဒနယ်မှ ဦးကျော်ငွေး ဖြစ်ပါတယ်။ ဒီကနေ့ လွှတ်တော်မှာ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ လှေကားထစ်လယ်ကွက်ငယ်တွေကို ကျွဲ၊ နွားအသုံးပြုနိုင်တဲ့ လယ်ကွက်များဖြစ်အောင် တိုးချဲ့ပေးရန် ရန်ပုံငွေခွင့်ပြုပေးရန်အစီအစဉ်ရှိ/မရှိ မေးခွန်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လေရှီးမြို့နယ်မှာရှိတဲ့ နမ်ယူပီအုပ်စု၊ ကူကီးအုပ်စု၊ ကုံကိုင်လုံအုပ်စု၊ ပန်ဆပ်အုပ်စု၊ ဖန်သရက်အုပ်စု၊ ဟိန်ကွပ်အုပ်စုနဲ့ ဆွမ္မရာမြို့ရှိ ပြည်သူများဟာ လွန်ခဲ့တဲ့နှစ်ပေါင်း တစ်ထောင်ဝန်းကျင်ကတည်းက မိရိုးဖလာ လှေကားထစ်လယ်ယာလုပ်ငန်းများကို အသက်မွေးဝမ်းကျောင်းတစ်ခုအဖြစ် လုပ်ကိုင်နေထိုင်ကြပါတယ်။ ဒီလယ်ကွက်တွေကိုတူးဖော်တဲ့အခါမှာ ဒေသရဲ့ပထဝီအနေအထားအရ တောင်စောင်းတွေမှာ တစ်ပိုင်တစ်နိုင် လူလုပ်အားဖြင့်သာ တူးဖော်တဲ့အတွက် ကြောင့်မို့လို့ လယ်ကွက်ငယ်လေးတွေဖြစ်တဲ့အတွက်ကြောင့် ကျွဲ၊ နွားများ အသုံးပြုလို့မရပါဘူး။ ပေါက်တူး၊ ပေါက်ပြားများကိုပဲ အသုံးပြုပြီးတော့ လူလုပ်အားနဲ့ပဲ ထွန်ယက်စိုက်ပျိုးကြပါတယ်။ ဒေသရဲ့ရာသီဥတုအခြေအနေအရ စပါးတစ်သီးစားစိုက်ဖို့အတွက်ကို အနည်းဆုံး နှစ်ခါပေါက်ရှင်းရပါတယ်။ တစ်ကြိမ်ပဲထွန်တဲ့လယ်တွေကတော့ စပါးအထွက်နည်းပါတယ်။ အချို့ ရေရှင်လယ်တွေဆိုလို့ရှိရင်တော့ နှစ်ပတ်လည်အောင်လုပ်ရပါတယ်။ နွေစပါးစိုက်လို့မရတဲ့အရပ်ဒေသဖြစ်ပါတယ်။ ဒီလို နှစ်ပတ်လည်အောင် အလုပ်လက်နဲ့မကွာ ကြိုးစားလုပ်ကိုင်နေခဲ့ပေမဲ့လို့ ဝမ်းစာဖူလုံမှုမရှိဘဲနဲ့ ဆင်းရဲစွာ နေကြရပါတယ်။ ယခုတိုးတက်လာတဲ့ခေတ်မှာ စက်ယန္တရားနဲ့ ကျွဲ၊ နွား အသုံးပြုပြီးတော့ အသုံးပြုနိုင်တဲ့တောင်သူဦးကြီးများဟာဆိုလို့ရှိရင်တော့ အချိန်တိုအတွင်းမှာ ဧကပေါင်းများစွာ ထွန်ယက်စိုက်ပျိုးနိုင်ပြီးတော့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လျက်ရှိနေသည်ကို တွေ့ရှိရပါတယ်။ သို့သော် ကျွန်တော် ယခုတင်ပြတဲ့ကျေးရွာမှာရှိတဲ့ ပြည်သူများဟာ တစ်နှစ်ပတ်လုံးရဲ့ဝင်ငွေဟာဆိုလို့ရှိရင်တော့ အောက်ခြေဝန်ထမ်း ညစောင့်၊ ရုံးအကူအဆင့်လခရဲ့ လစာတစ်လစာခန့်သာရှိနေသည်ကို တွေ့ရှိရတဲ့ အပြင် အားလပ်ရက်ဆိုတာမရှိ ဆယ့်နှစ်ရာသီ ရှန်းကန်နေတာကို တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပိုမိုပြီးတော့ သိသာထင်သာဖြစ်အောင် ဓာတ်ပုံနှင့်တကွ တင်ပြခွင့်ပြုပါခင်ဗျား။ ဒါကတော့ ကူကီးကျေးရွာ လှေကားထစ်လယ်ယာတွေပဲဖြစ်ပါတယ်။ အဝေးကနေရိုက်ထားတဲ့ပုံဖြစ်ပါတယ်။ ဒါကတော့ ဆွမ္မရာနဲ့ ဖန်သရက်ကျေးရွာမှာရှိတဲ့ လှေကားထစ်လယ်ကွက်တွေကို အဝေးကနေရိုက်ထားတဲ့ပုံ ဖြစ်ပါတယ်။ ဒါကတော့ ရေရနိုင်တဲ့တောင်စောင်းတွေမှာ ဖော်ထားတဲ့လယ်ကွက်တွေဖြစ်ပါတယ်။ နောက်တစ်ပုံပြပေးပါ။ ဒါကတော့ လယ်ကွက်တွေကငယ်တဲ့ အခါကျတော့ ကျွဲ၊ နွားအသုံးပြုလို့မရတဲ့အတွက်ကြောင့်မို့လို့ လူလုပ်အားနဲ့ပဲ ထွန်နေတဲ့ပုံဖြစ်ပါတယ်။ ဒါကရေရှင်လယ်တွေဖြစ်ပါတယ်။ ဒါဆောင်းမှာရေသွင်းတဲ့လယ်တွေဖြစ်ပါတယ်။ ဒါလည်းပဲ ကျွဲ၊ နွားဝင်ရောက်လို့မရတဲ့အတွက်ကြောင့်မို့လို့ လူလုပ်အားနဲ့ပဲထွန်တဲ့ပုံတွေ ဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ ကောက်စိုက်ဖို့ရာအတွက်ကို အသင့်ပြင်ဆင်ထားတဲ့ လယ်ကွက်ငယ်လေးတွေဖြစ်ပါတယ်။ ဒီလိုဖြစ်လာဖို့အတွက်ကို ဖေဖော်ဝါရီလလောက်ကတည်းက စပြီးတော့မှထွန်ပြီးတော့ ဇူလိုင်လမှပဲစိုက်ရပါတယ်။ နောက်တစ်ပုံပြပေးပါ။ ဒါလည်းပဲ ကောက်စိုက်ဖို့အတွက်ကို အသင့်ပြင်ထားတဲ့လယ်တွေဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ တိုးတက်လာတဲ့ခေတ်ရေစီးကြောင်းနဲ့အညီ လူသားပီသစွာ လုပ်ကိုင်နေထိုင်နိုင်ရေးအတွက် လူလုပ်အားဖြင့်သာ ထွန်ယက်စိုက်ပျိုးနေသည့်ဘဝက လွတ်မြောက်ပြီးတော့ ကျွဲ၊ နွား အစားထိုး ထွန်ယက်စိုက်ပျိုးနိုင်တဲ့အဆင့် တိုးမြှင့်ပြောင်းလဲအသက်မွေးဝမ်းကျောင်းပြုနိုင်ရန်အတွက် ရည်ရွယ်ပြီးတော့မှ ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနကို မေးမြန်းရပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ လေရှီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဌေးရဲ့ လေရှီးမြို့နယ်၊ ကူကီးအုပ်စု၊ ကုံကိုင်လုံအုပ်စု၊ ပန်ဆပ်အုပ်စု၊ ဖန်သရက်အုပ်စု၊ ဟိန်ကွပ်အုပ်စု၊ နမိယူပီအုပ်စုနဲ့ ဆွမ္မရာမြို့များရှိ လှေကားထစ်လယ်ကွက်ငယ်တွေကို ကျွဲ၊ နွားအသုံးပြုနိုင်တဲ့ လယ်ကွက်များအဖြစ် ချဲ့ပေးဖို့အတွက် ရန်ပုံငွေခွင့်ပြုပေးရန် အစီအစဉ်ရှိ/မရှိနဲ့စပ်လျဉ်းတဲ့ မေးခွန်းအပေါ် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ဖြေကြားချက်နှင့်အတူ ပေါင်းစပ်ပြီး ဖြေကြားပါမယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မိမိတို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်မှာရှိတဲ့ စက်မှုလယ်ယာဦးစီးဌာနအနေနဲ့ ပြီးခဲ့တဲ့ ၂၀၀၂-၂၀၀၃ ဘဏ္ဍာရေးနှစ်ကစပြီး ရွှေ့ပြောင်းတောင်ယာစနစ်ကနေ အများဆုံးစိုက်ပျိုးထုတ်လုပ်တဲ့ ဒီစနစ်နဲ့အများဆုံးစိုက်ပျိုးလျက်ရှိတဲ့ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့မှာ ကုန်းမြင့်လှေကားထစ်လယ်ယာမြေများ ပြောင်းလဲဖော်ထုတ်နိုင်ဖို့အတွက် ကုန်းမြင့်လယ်ယာမြေဖော်ထုတ်ရေးစီမံကိန်းရုံး(၄)ရုံးကို ဖွင့်လှစ်ဆောင်ရွက်ခဲ့ပါတယ်။ ကုန်းမြင့်လယ်ယာဖော်ထုတ်ရေးစီမံကိန်းရုံးတွေကို ဒေသလိုအပ်ချက်နှင့်လျော်ညီစွာ ထိထိရောက်ရောက်စီမံခန့်ခွဲဆောင်ရွက်သွားနိုင်ဖို့အတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်ကစပြီး ကုန်းမြင့်လယ်ယာမြေဖော်ထုတ်ခြင်းလုပ်ငန်းနှင့် လှေကားထစ်မြေယာဖော်ထုတ်ခြင်းလုပ်ငန်းတွေကို သက်ဆိုင်ရာပြည်နယ်/

တိုင်းဒေသကြီးများရဲ့ရန်ပုံငွေနဲ့ ဆောင်ရွက်ခဲ့သလို စက်မှုလယ်ယာဦးစီးဌာနအနေနဲ့က လိုအပ်တဲ့ ကျွမ်းကျင်မှုနဲ့ နည်းပညာများနဲ့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ လေရှီးမြို့နယ်၊ ကူကီး၊ ကုံကိုင်လုံ၊ ပန်ဆပ်၊ ဖွန်သရက်၊ ဟိန်ကွတ်၊ နမိယူပီကျေးရွာအုပ်စုများနဲ့ ဆွမ္မရာမြို့များမှာ စက်မှုလယ်ယာဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ဆည်မြောင်းဦးစီးဌာနတို့နှင့်အတူ ကွင်းဆင်းစိစစ်တိုင်းတာပြီးတော့ လူလုပ်အားနဲ့ တစ်ပိုင်တစ်နိုင် တူးဖော်ထားတဲ့ လယ်ကွက်တွေကို စက်ယန္တရား၊ ကျွဲ၊ နွားများအသုံးပြုပြီး ထွန်ယက်စိုက်ပျိုးနိုင်တဲ့ လယ်မြေများအဖြစ် အဆင့်တိုးမြှင့်နိုင်ဖို့ အသေးစိတ်တွက်ချက်မှုများနှင့်အတူ အနီးစပ်ဆုံး ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေတင်ပြတောင်းခံ စီမံဆောင်ရွက်ပေးသွားဖို့ အစီအစဉ် လုပ်ကိုင်ပြီးဖြစ်ပါတယ်။ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံကိန်းဦးစီးရုံး၊ လဟယ်မြို့ရဲ့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းရေးဆွဲရေးမှာလည်းပဲ အမြန်ဖွံ့ဖြိုးတိုးတက်ရရှိနိုင်တဲ့ လုပ်ငန်းစီမံကိန်းအစီအစဉ် အရ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးမြန်းချက်မှာပါတဲ့ ကျေးရွာအုပ်စုများမှာရှိတဲ့ လှေကားထစ် လယ်ယာမြေအသစ် ဧက ၄၆၀ ကို ထပ်မံချဲ့ထွင်ခြင်း၊ ရန်ခွေးနှင့် ထိန်ဖာရဲကျေးရွာနှစ်ရွာက လှေကားထစ်လယ်ယာမြေဧက ၁၁၀ အသစ်ဖော်ထုတ်နိုင်ဖို့အတွက်လည်း လုပ်ငန်းများ စိစစ်လျာထားပြီးဖြစ်ပါတယ်။ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ ရန်ပုံငွေခွဲဝေရရှိမယ်ဆိုရင် မိမိတို့စက်မှုလယ်ယာဦးစီးဌာနမှ နည်းပညာအကူအညီများနဲ့ ပံ့ပိုးဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ သို့ဖြစ်တဲ့အတွက် လူလုပ်အားဖြင့်သာ ထွန်ယက်စိုက်ပျိုးနေရတဲ့ဘဝမှ လွတ်မြောက်ပြီး ကျွဲ၊ နွား အစားထိုးထွန်ယက်တဲ့အဆင့် တိုးမြှင့်ပြောင်းလဲလုပ်ကိုင် အသက်မွေးဝမ်းကျောင်းပြုနိုင်ရေးအတွက် မိမိတို့စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ ပေါင်းစပ်ညှိနှိုင်း အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်း အပေါ် ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းဖြေကြားခြင်းအစီအစဉ် ပြီးပါပြီ။

**ဦးစိုင်းကျော်မိုး၊ မိုင်းပန်မဲဆန္ဒနယ်က နိုင်ငံတော်အစိုးရအနေဖြင့် ရခိုင်ပြည်နယ်အတွက် လွတ်လပ်သောကော်မရှင်တစ်ခုကို နိုင်ငံတကာမှ ပုဂ္ဂိုလ်ကြီးတစ်ဦးအပါအဝင် အဖွဲ့ဝင်သုံးဦးဖြင့် ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ UNSC ကိုယ်စားလှယ်အဖွဲ့၏အကြံပြုချက်တွင် ပြည်ပမှအဖွဲ့ဖြင့် စစ်ဆေးခြင်းနှင့် ပြည်တွင်းအဖွဲ့ဖြင့် စစ်ဆေးခြင်းနည်းလမ်းနှစ်သွယ်ပါရှိရာ လွတ်လပ်သော နိုင်ငံတော်၏အချုပ်အခြာအာဏာနှင့် နိုင်ငံသားပြည်သူများ၏ဂုဏ်သိက္ခာကို လေးစားယုံကြည်သောအားဖြင့် ပြည်တွင်းမှ ကျွမ်းကျင်ပညာရှင်များဖြင့်သာ ဖွဲ့စည်းဆောင်ရွက်ရေး ပြန်လည်စဉ်းစားဆုံးဖြတ်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အရေးကြီးအဆိုတင်သွင်းခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၃ အရ အရေးကြီးကိစ္စတစ်ရပ်ကို ဆွေးနွေးရန် မိုင်းပန်

မဲဆန္ဒနယ်မှ ဦးစိုင်းကျော်မိုးက ဥက္ကဋ္ဌထံစာရေးသား၍ လက်မှတ်ရေးထိုးတင်ပြလာပါတယ်။ အဆိုမှာ နိုင်ငံတော် အစိုးရအနေဖြင့် ရခိုင်ပြည်နယ်အတွက် လွတ်လပ်သောကော်မရှင်တစ်ခုကို နိုင်ငံတကာ မှပုဂ္ဂိုလ်ကြီးတစ်ဦးအပါအဝင် အဖွဲ့ဝင်သုံးဦးဖြင့် ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ UNSC ကိုယ်စားလှယ် အဖွဲ့၏အကြံပြုချက်တွင် ပြည်ပမှအဖွဲ့ဖြင့် စစ်ဆေးခြင်းနှင့် ပြည်တွင်းအဖွဲ့ဖြင့် စစ်ဆေးခြင်းနည်းလမ်း နှစ်သွယ်ပါရှိရာ လွတ်လပ်သောနိုင်ငံတော်၏အချုပ်အခြာအာဏာနှင့် နိုင်ငံသားပြည်သူများ၏ ဂုဏ်သိက္ခာကို လေးစားယုံကြည်သောအားဖြင့် ပြည်တွင်းမှ ကျွမ်းကျင်ပညာရှင်များဖြင့်သာ ဖွဲ့စည်း ဆောင်ရွက်ရေး ပြန်လည်စဉ်းစားဆုံးဖြတ်ပေးရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း အရေးကြီးအဆို ဖြစ်ပါတယ်။ အရေးကြီးအဆိုတင်သွင်းဖို့ ဦးစိုင်းကျော်မိုး ကို ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းကျော်မိုး(မိုင်းပန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံးမင်္ဂလာပါလို့ ဦးစွာပဏာမနှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းပန်မဲဆန္ဒနယ်က ဦးစိုင်းကျော်မိုး ဖြစ်ပါတယ်။ ဒီကနေ့ ကျွန်တော် တင်သွင်းမယ့်အဆိုကတော့ နိုင်ငံတော်အစိုးရအနေဖြင့် ရခိုင်ပြည်နယ်အတွက် လွတ်လပ်တဲ့စုံစမ်း စစ်ဆေးရေးကော်မရှင်တစ်ရပ်ကို နိုင်ငံတကာမှ ပုဂ္ဂိုလ်ကြီးတစ်ဦးအပါအဝင် အဖွဲ့ဝင်သုံးဦးဖြင့် ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ UNSC ကိုယ်စားလှယ်အဖွဲ့၏အကြံပြုချက်မှာ ပြည်ပအဖွဲ့ဖြင့် စစ်ဆေးခြင်း နှင့် ပြည်တွင်းအဖွဲ့ဖြင့် စစ်ဆေးခြင်း နည်းလမ်းနှစ်သွယ်ပါရှိရာ ဖွဲ့စည်းမည်ဆိုပါက လွတ်လပ်သော နိုင်ငံတော်ရဲ့အချုပ်အခြာအာဏာနှင့် နိုင်ငံသားပြည်သူများ၏ဂုဏ်သိက္ခာကို လေးစားယုံကြည်သော အားဖြင့် ပြည်တွင်းမှ ကျွမ်းကျင်ပညာရှင်များဖြင့်သာ ဖွဲ့စည်းဆောင်ရွက်ရေးကို ပြန်လည်စဉ်းစား ဆုံးဖြတ်ပေးရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်းအဆိုကို ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်သမ္မတရုံးရဲ့ ၂၀၁၈ ခုနှစ်၊ မေလ ၃၁ ရက်နေ့စွဲဖြင့် သတင်းထုတ်ပြန်ချက်အမှတ်(၃/၂၀၁၈)ကို ထုတ်ပြန်ရာမှာ ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်အစိုးရအနေဖြင့် လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင်တစ်ခုကို ဖွဲ့စည်းသွားရန်ရှိ ဟု ပါရှိပါတယ်။ ယင်းထုတ်ပြန်ချက်မှာပင် ကော်မရှင်တွင် နိုင်ငံတကာမှ ပုဂ္ဂိုလ်ကြီးတစ်ဦးအပါအဝင် အဖွဲ့ဝင်သုံးဦးဖြင့် ပါဝင်ဖွဲ့စည်းမည်ဖြစ်ပြီးဟု ပါရှိပါတယ်။ UNSC ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံကို လာရောက်တဲ့ခရီးစဉ်မှာ ရခိုင်အရေးကိစ္စနှင့်ပတ်သက်၍ ဖြေရှင်းရန်နည်းလမ်းနှစ်သွယ်ကို ပြောကြား သွားပါတယ်။ ယင်းတို့မှာ နိုင်ငံတကာအဖွဲ့ဖြင့် သို့မဟုတ် ပြည်တွင်းမှအဖွဲ့ဖြင့် စစ်ဆေးသွားရန်တို့ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက်ဖြစ်စဉ်များနှင့်စပ်လျဉ်း၍ ပြန်လည်တင်ပြရရင် မဖြစ်မီအခြေအနေ၊ ပကတိဖြစ်စဉ်များ၊ နောက်ဆက်တွဲကိစ္စရပ်များနှင့်စပ်လျဉ်း သော စုံစမ်းစစ်ဆေးမှုများကို ပြည်ထောင်စုအစိုးရနှင့် တပ်မတော်ပိုင်းဆိုင်ရာတို့မှ တရားဝင်စုံစမ်း စစ်ဆေးပြီး သတင်းထုတ်ပြန်ထားပြီးဖြစ်ပါသဖြင့် မည်သည့်ပြည်ပမှ အမိန့်ပေးစေခိုင်းမှုကြောင့်မျှ ထပ်မံဆောင်ရွက်ရန် မလိုအပ်ဘူးလို့ ထင်ပါတယ်။ ရခိုင်ပြည်နယ်အရေးကိစ္စမှာ ပြည်ပမှ မည်သည့် ပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်အဖွဲ့အစည်းများအပါအဝင်ဖြေရှင်းမှုကြောင့် ပြဿနာကို လွယ်ကူရှင်းလင်းအောင် ဖြေရှင်းနိုင်ခြင်းမရှိဘဲ ပိုမိုကြီးကျယ်ရှုပ်ထွေးပြီး နိုင်ငံတော်အား နိုင်ငံတကာဖိအားပိုမိုများပြားလာတဲ့ အခြေအနေကိုသာ ဖြစ်ပေါ်စေတာကို အားလုံးအသိပဲ ဖြစ်ပါတယ်။ ဥပမာအားဖြင့် ယခင်ကိုဖီအာနန် ကော်မရှင်ဖွဲ့စည်းစဉ်ကတည်းက ကျွန်တော်တို့လွှတ်တော်ကိုယ်စားလှယ်အချို့က နောင်မှာဖြစ်လာ

မယ့်အကျိုးဆက်တွေကို ထောက်ပြကြပါတယ်။ ဒါ့အပြင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ၃၈၅ မှာ နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရန် နိုင်ငံသားတိုင်းရဲ့တာဝန်ဖြစ်တယ်လို့ ဖော်ပြထားရာ နိုင်ငံတော်အစိုးရတစ်ရပ်အနေဖြင့် ရခိုင်အရေးကိစ္စဖြေရှင်းဆောင်ရွက်ရာမှာ ဒေသခံတိုင်းရင်းသားတို့ပါဝင်စေလျက် ပူးပေါင်းဆောင်ရွက်မှသာ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲစေရန်နှင့် မိမိတို့နယ်မြေကို ကာကွယ်စောင့်ရှောက်နိုင်မှာဖြစ်ပါတယ်။ သို့သော်လည်း ကော်မရှင်အဖွဲ့အစည်းတိုင်းမှာ ဒေသမှာ လက်ရှိနေထိုင်လျက်ရှိတဲ့ ရခိုင်တိုင်းရင်းသားများပါဝင်ခဲ့တဲ့အတွက် နိုင်ငံတော်အစိုးရမှဖော်ဆောင်နေတဲ့ အမျိုးသားရင်ကြားစေ့ရေးကို ပြတ်သည်းမှာကိုလည်း စိုးရိမ်မိပါတယ်။ ဒါ့အပြင် ကိုဖီအာနန်ကော်မရှင်ကိုလည်း လွှတ်တော်ကိုယ်စားလှယ်အများစုဖြင့် မဲခွဲဆုံးဖြတ်အတည်ပြုပေးလိုက်တာကို အားလုံးအသိပဲဖြစ်ပြီးတော့ မူလစတင်ဖွဲ့စည်းစဉ်က ကော်မရှင်ဟာ အကြံပေးရန်သာဖြစ်တယ်လို့ ဆိုခဲ့သော်လည်းပဲ ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီးနောက် ကော်မရှင်ရဲ့အကြံပြုချက်များဟာ နိုင်ငံတော်အစိုးရမှ UN မှာတင်ပြခဲ့ပြီး တရားဝင်အတည်ဖြစ်ခဲ့ကာ ယခုဆိုရင် ရခိုင်အရေးလမ်းပြမြေပုံအဖြစ် ရောက်ရှိနေပြီဖြစ်ပါတယ်။ နိုင်ငံတကာမှ ပုဂ္ဂိုလ်များပါဝင်သောအဖွဲ့ဖြင့် စုံစမ်းစစ်ဆေးမှုကို ခံယူရပါက ပြည်တွင်းကိစ္စရပ်သမိုင်းကြောင်း၊ မြေပြင်အနေအထား၊ ယဉ်ကျေးမှုနောက်ခံနှင့် ခံစားချက်၊ ဒေသတွင်းနေထိုင်သူများရဲ့ Community Right၊ National Identity တို့ကို မသိနိုင်ဘဲ လူ့အခွင့်အရေးနှင့် Humanitarian Intervention လူသားချင်းစာနမှုခေါင်းစဉ်ကို သုံးသပ်ခဲ့ကြလို့ မြေပြင်အနေအထားအမှန်နဲ့ ကွဲလွဲနေမှုကြောင့် ယနေ့တိုင်ဖြေရှင်းနေရတာကို တွေ့ရှိနေကြရတာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်သမ္မတရုံးရဲ့သတင်းထုတ်ပြန်ချက်အမှတ်(၃/၂၀၁၈)ပါ စုံစမ်းစစ်ဆေးရေးကော်မရှင်ဖွဲ့စည်းမည်ဆိုပါက ကိုဖီအာနန်ရဲ့ကော်မရှင်၊ နိုင်ငံတော်ဒုတိယသမ္မတဦးဆောင်တဲ့ကော်မရှင်၊ ထိုင်းနိုင်ငံဒုတိယဝန်ကြီးချုပ်ဟောင်းဦးဆောင်တဲ့ အကြံပေးအဖွဲ့ စတဲ့ စုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့များ ဖွဲ့စည်းထားခဲ့ပြီဖြစ်တဲ့အတွက် ထိုကော်မရှင်များကို ပစ်ပယ်ရာရောက်မှာဖြစ်ပါတယ်။ ဒါ့အပြင် စုံစမ်းစစ်ဆေးရေးကော်မရှင်ရဲ့ရည်ရွယ်ချက်မှာ ARSA အကြမ်းဖက်အဖွဲ့၏ အကြမ်းဖက်တိုက်ခိုက်မှုပြီးနောက် လူ့အခွင့်အရေးချိုးဖောက်မှု၊ ယင်းနှင့်ဆက်နွယ်သည့်ကိစ္စရပ်များကို စုံစမ်းစစ်ဆေးမည်ဟုပါရှိတဲ့အတွက် ဖြစ်စဉ်စတင်ဖြစ်ပွားစဉ်က ARSA အကြမ်းဖက်အဖွဲ့ရဲ့အကြမ်းဖက်မှုကိစ္စရပ်အားလုံးနှင့် ယင်းအဖွဲ့ရဲ့လူ့အခွင့်အရေးချိုးဖောက်မှုကိစ္စရပ်များ စုံစမ်းစစ်ဆေးရန်မပါရှိခြင်းကိုလည်း မေးခွန်းထုတ်စရာ ဖြစ်ပါတယ်။ NNC International ကလည်းပဲ ARSA အကြမ်းဖက်အဖွဲ့ရဲ့အကြမ်းဖက်မှု Genocide Ethnic Cleaning လုပ်ရပ်များကို ထုတ်ပြန်ထားပြီးဖြစ်တဲ့အတွက် စုံစမ်းစစ်ဆေးရာမှာ အားလုံးမျှတစွာ စစ်ဆေးဖို့လိုအပ်ပါတယ်။ ARSA အကြမ်းဖက်မှုပြီးနောက်ဆိုသည့်အတွက် တည်ငြိမ်အေးချမ်းမှုရရှိအောင် ဆောင်ရွက်နေရတဲ့ကာလဖြစ်၍ နိုင်ငံတော်အစိုးရရဲ့အုပ်ချုပ်ရေးယန္တရားများဖြစ်တဲ့ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများကို စုံစမ်းစစ်ဆေးရမှာဖြစ်တဲ့အတွက် မိမိတို့အစိုးရကို စုံစမ်းစစ်ဆေးနေသလို ဖြစ်နေပါတယ်။ ယခုလို မိမိတို့အစိုးရကို စုံစမ်းစစ်ဆေးခံနေရတယ်လို့ ပြည်သူများက ထင်မြင်သွားမှာကို စိုးရိမ်မိ၍ ဇာတိရခိုင်ပြည်နယ်ဖြစ်စဉ်များ၊ နောက်ခံသမိုင်းအကြောင်းတရားများရှိနေပြီး ရည်ရွယ်ချက်ရှိရှိဖြင့်

ဆောင်ရွက်လျက်ရှိသည့်ကိစ္စဖြစ်၍ နိုင်ငံခြားသားများပါဝင်သောအဖွဲ့ဖြင့် စုံစမ်းစစ်ဆေးမှုမျိုးကို ပြန်လည်စဉ်းစားသင့်ကြောင်း အဆိုတင်သွင်းရခြင်းဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ နိုင်ငံတကာပုဂ္ဂိုလ်များပါဝင်တဲ့အဖွဲ့ဖြင့် စစ်ဆေးမှုကို ခံယူရပါက သူတို့ပြောတဲ့အတိုင်း မလွဲမသွေနာခံလုပ်ဆောင်ရမည်ဖြစ်သဖြင့် ယခုလိုပြည်ပနိုင်ငံများက ပြောဆိုတဲ့အတိုင်း လိုက်လုပ်ရမယ်ဆိုရင် ကျွန်တော်တို့အစိုးရရဲ့အချုပ်အခြာအာဏာအတွက် မေးခွန်းထုတ်စရာ ဖြစ်လာပါလိမ့်မယ်။ UNSC ကိုယ်စားလှယ်အဖွဲ့ရဲ့ဒုတိယနည်းလမ်းမှာ ပြည်တွင်းအဖွဲ့ဖြင့် စစ်ဆေးရန်ဖြစ်ပါတယ်။ ထို့အတူ ထိုအဖွဲ့ရဲ့ မေလ ၉ ရက်နေ့ထုတ်ပြန်ချက်မှာ မြန်မာနိုင်ငံရဲ့ဥပဒေနှင့်အညီ လူ့အခွင့်အရေးချိုးဖောက်မှုများကို ပွင့်လင်းမြင်သာမှုရှိသော စုံစမ်းရေးကိစ္စရပ်များကို ဖြည့်ဆည်းပေးရန် တိုက်တွန်းသည်ဟု ပါရှိပါတယ်။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ဖြစ်ပါ၍ မိမိပြည်တွင်း၌ ဖြစ်ပေါ်လာတဲ့ အရေးကိစ္စရပ်များအတွက် စုံစမ်းစစ်ဆေးသွားမည်ဆိုပါက ပြည်တွင်းပညာရှင်များအဖွဲ့ဖြင့် စစ်ဆေးမှုသည် ပြည်သူက တင်မြှောက်ထားတဲ့ပြည်သူ့အစိုးရတစ်ရပ်အနေဖြင့် ပြည်သူနှင့်အတူ ဟူသော ဆောင်ပုဒ်နှင့်အညီ အကောင်အထည်ဖော်မှုသည် ပြည်သူကိုလေးစားတန်ဖိုးထားရာရောက်ပါသဖြင့် အစိုးရ၏ ဂုဏ်သိက္ခာတက်စေနိုင်ပါတယ်။ သို့ဖြစ်ပါ၍ လက်ရှိဖြစ်ပေါ်နေသော ရခိုင်အရေးကိစ္စကို မိမိပြည်တွင်းမှ လုံလောက်သည့် စုံစမ်းစစ်ဆေးမှုများ တရားဝင်ပြုလုပ်ခဲ့ပြီးဖြစ်၍ ထပ်မံဖွဲ့စည်းစစ်ဆေးရန် မသင့်ပါကြောင်းနှင့် မဖြစ်မနေဖွဲ့စည်းစစ်ဆေးရမည်ဆိုပါက မိမိနိုင်ငံရဲ့အချုပ်အခြာအာဏာနှင့် ပြည်သူများကို လေးစားယုံကြည်သောအားဖြင့် ARSA အကြမ်းဖက်အဖွဲ့၏အကြမ်းဖက်မှုမှ စတင်၍ စစ်ဆေးရန် ပြည်တွင်းပညာရှင်အဖွဲ့ဖြင့်သာ ဖွဲ့စည်းဆောင်ရွက်နိုင်ရေးအတွက် ပြန်လည်စဉ်းစားပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုကို တင်သွင်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးစိုင်းကျော်မိုး တင်သွင်းသွားတဲ့ အရေးကြီးအဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးမောင်မြင့်(မင်းကင်း မဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနှင့် ဒုတိယဝန်ကြီးများ၊ တက်ရောက်သူများအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့် ဖြစ်ပြီးတော့မှ ပြည်ခိုင်ဖြိုးပါတီမှ မိုင်းပန်မဲဆန္ဒနယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်မိုး တင်သွင်းသွားတဲ့ အရေးကြီးအဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ United Nations Security Council အဖွဲ့ဝင် ၁၅ နိုင်ငံက ကိုယ်စားလှယ်တွေဟာ ပြီးခဲ့တဲ့ ဧပြီ ၂၈ ရက်ကနေ မေလ ၁ ရက်နေ့အထိ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် မြန်မာနိုင်ငံကို လာရောက်လေ့လာခဲ့ကြပါတယ်။ Visit တစ်ခုကို စီစဉ်တဲ့အခါမှာ ကျွန်တော်တို့ဘက်က အနည်းငယ်လိုတယ်လို့ပဲ ကျွန်တော်ကတော့ ဝေဖန်ပြောကြားလိုပါတယ်။ တကယ်တော့ Incident of Origin ဟာ မြန်မာနိုင်ငံပါ။ ဒါကြောင့် အဲဒီ Visit မှာ First Leg တွေဟာ မြန်မာနိုင်ငံပဲဖြစ်သင့်ပါတယ်။ ဒါပေမဲ့ သူတို့ရဲ့ First Leg က ဘင်္ဂလားဒေ့ရှ်နိုင်ငံဖြစ်နေတော့ ဘင်္ဂါလီတွေက Rehearsal လုပ်ထားတဲ့အတိုင်း နပ်တွေထွက်အောင်ငိုပြမှတော့ ဘယ်သူက မသနားပဲနေမလဲဗျာ။ ဟိုဘက်အစိုးရကိုယ်၌ကလည်း ရခိုင်မှာ Rape အပါအဝင်

လူ့အခွင့်အရေးချိုးဖောက်မှုတွေရှိခဲ့တယ်ဆိုတာကို ရပ်တည်ထားမှတော့ UNSC အဖွဲ့က မယုံဘဲ ဘယ်နေမလဲခင်ဗျာ။ အဲဒီအဖွဲ့က နေပြည်တော်မှာ တာဝန်ရှိတဲ့သူတွေနဲ့ တွေ့ဆုံတဲ့အခါမှာ ဒီဘက်က ပြောတာကို အချို့ကပြောတာပဲနားထောင်ပြီးတော့မှ ဝန်ကြီးတစ်ဦးပြောတာကိုတော့ ပြီးဆုံးအောင် တောင်နားမထောင်ဘူးလို့ ကျွန်တော် ကြားသိရပါတယ်။ အင်မတန်စိတ်မကောင်းစရာပါ။

Protocol အရ လာရတဲ့ပုဂ္ဂိုလ်တွေဟာ ယေဘုယျအားဖြင့် DG အဆင့်ထက်မပိုပါဘူး။ ဒါပေမဲ့ အခုလိုလုပ်သွားတာဟာ တွေ့ဆုံတဲ့ဝန်ကြီးအဖွဲ့ကိုသာမကဘဲ နိုင်ငံကိုပါ စော်ကားသွားတာဖြစ်တယ်လို့ ခံယူပါတယ်။ အမှန်တော့ Program အတိုင်းပဲဖြစ်ရပါမယ်။ မိမိဘက်ကလည်း အချိန်ဇယားပါ အတိုင်းဝင်အောင်ဆွေးနွေးပေးဖို့ လိုအပ်ပါတယ်။ ဧည့်သည်အဖွဲ့ကလည်း အချိန်ဇယားကို မလိုက်နာရင် အိမ်ရှင်ဘက်က အားနာမနေသင့်ပါဘူး။ UNSC အဖွဲ့ဟာ လွှတ်တော်ကိုယ်စားလှယ်အချို့နှင့် တွေ့ဖို့ကိစ္စကိုလည်း အချိန်ဇယားမှာပါပါလျက်နှင့် လေယာဉ်ချိန်နောက်ကျမှုကိုအကြောင်းပြပြီးတော့မှ ငြင်းပယ်ခဲ့တယ်ဆိုတာကို ဝမ်းနည်းစွာကြားသိရပါတယ်။ ကျွန်တော့်အနေနဲ့ သူတို့ဟာ တွေ့ဆုံဖို့ စီစဉ်စောင့်ဆိုင်းနေတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေကိုသာမက လွှတ်တော်ကိုပါ စော်ကားသွားတယ်လို့ ကျွန်တော်ကတော့ ဒီလိုပဲ ယုံကြည်ပါတယ်။ အဲဒီအဖွဲ့ ရခိုင်ပြည်နယ်ကိုသွားတဲ့အချိန်မှာ ARSA အဖွဲ့ရဲ့ အတိုက်ခံရတဲ့စခန်း ၃၀ ကျော်နဲ့ တိုင်းရင်းသား ၁၀၀ ကျော်သေတာ၊ ရာကျော်ဂဏန်း ဒဏ်ရာရတာ၊ ထောင်ဂဏန်းရှိတဲ့ တိုင်းရင်းသားတွေ မြို့ပေါ်ကိုထွက်ပြေးခဲ့ရတာတွေကို ဖြစ်စဉ်နေရာမှာ ရှင်းမပြနိုင်ခဲ့ဘူး။ ရဟတ်ယာဉ်အပေါ်ကနေပြီးတော့မှ ရွာတွေမီးလောင်ပျက်စီးနေတာကိုကြည့်ပြီး မြင်သွားမယ်ဆိုရင် ကျွန်တော်တို့ဘက်က လက်ချက်ပဲလို့ လွဲမှားစွာကောက်ချက်ချသွားမှာ မလွဲပါဘူး။ ၂၀၁၇ ခုနှစ် ဩဂုတ်လ ဖြစ်စဉ်ဖြစ်ကာစမှာလည်း သတင်းပြန်ကြားရေးအပိုင်းမှာ ဆွံ့အအားနည်းခဲ့တယ်။ UNSC ရဲ့ ခရီးစဉ်မှာလည်း Presentation အားနည်းခဲ့တယ်။ အဲဒီအားနည်းချက်တွေရဲ့ အကျိုးဆက်ကို ကျွန်တော်တို့ ဒီနေ့ ရင်ဆိုင်နေရတာပဲ ဖြစ်ပါတယ်။ UNSC အဖွဲ့ဝင်တွေက New York ကိုပြန်ရောက်ပြီးတော့မှ မေလ ၉ ရက်နေ့က Security Council Press Statement on Security Council Visit to Bangladesh and Myanmar ကို ထုတ်ပြန်ခဲ့ပါတယ်။ အဲဒီ Press Statement ကို UNSC ရဲ့ အလှည့်ကျဥက္ကဋ္ဌဖြစ်တဲ့ ပိုလန်အမြဲတမ်းကိုယ်စားလှယ် Joanna Wronecka က ထုတ်ပြန်ခဲ့ပြီး တော့မှ စာမျက်နှာသုံးမျက်နှာ ပါရှိပါတယ်။ Statement မှာ မြန်မာနိုင်ငံအပေါ်မှာ တိုက်တွန်းချက် နှစ်ချက်ရှိပါတယ်။ ပထမတိုက်တွန်းချက်ကတော့ Members of Security Council Urge the Government of Myanmar to gran the United Nation Agencies and their Partners immediate, safe and unhindered access to Rachine State, as well as to other domestic and International non-governmental Organizations Providing humanitarian assistance, and as an initial confidence building measure to conclude a memorandum of understanding with the office of United Nations high commissioner for refugees(UNHCR) and the United Nations Development Program(UNDP) in the coming days လို့ ဖော်ပြပါရှိပါတယ်။ အဓိပ္ပာယ်ကတော့ UN Agency တွေ၊ သူတို့ရဲ့မိတ်ဖက်တွေ INGO နဲ့ NGO တွေ လွတ်လပ်စွာ ဝင်ထွက်ပြီးတော့မှ လူသားချင်းစာနာထောက်ထားတဲ့ အကူအညီတွေပေးနိုင်အောင် UNHCR၊ UNDP

တို့နဲ့ MoU ကိုမြန်မြန်လက်မှတ်ရေးထိုးဖို့ တိုက်တွန်းခြင်းဖြစ်ပါတယ်။ ဒီကိစ္စကို မေလ ၃၁ ရက်နေ့က နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနရဲ့ သတင်းထုတ်ပြန်ချက်နဲ့ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ကို အထောက်အပံ့ပြုနိုင်ရေးအတွက် ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်နှင့် ကုလသမဂ္ဂအေဂျင်စီများအကြား နားလည်မှုစာချွန်လွှာ ကနဦးလက်မှတ်ရေးထိုးခြင်းလို့ ဖော်ပြပါရှိတဲ့အတွက် နိုင်ငံတော်အစိုးရအနေနဲ့ UNSC Statement မှာပါတဲ့ တိုက်တွန်းချက်တစ်ချက် ကို ဖြည့်ဆည်းဆောင်ရွက်ပေးတယ်လို့ ရှုမြင်ပါတယ်။ ဒါပေမဲ့ MoU မှာ ဘယ်လိုအချက်တွေပါတယ် ဆိုတာ ကျွန်တော်တို့မသိရပါဘူး။

ဒုတိယတိုက်တွန်းချက်ကို Neglect မလုပ်ဘဲနဲ့ Follow up လုပ်တယ်ဆိုတာ အပြုသဘော ဆောင်ပြီးတော့မှ ကောင်းမွန်တဲ့ Progress တစ်ခုဖြစ်တယ်လို့ပဲ သုံးသပ်ပါတယ်။ UNSC Statement မှာပါတဲ့ ဒုတိယတိုက်တွန်းချက်ကတော့ The Member of Deputy Council, in light of the importance of Undertaking transparent Investigation into allegations of Human Rights abuses and violation at the Government of Myanmar to fulfill based on Respect for the Rule of Law, its stated it commitment Bank to holding accountable perpetrators of violence, including sexual violence and abuses and violence against children လို့ဖော်ပြပါရှိပါတယ်။ အဓိပ္ပာယ်ကတော့ ကလေးတွေပေါ်မှာ ကျူးလွန်မှုသည် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုထက် အကြမ်းဖက်မှုဆောင်ရွက်တဲ့ပြစ်မှုကျူးလွန်သူတွေ၊ လူ့အခွင့်အရေး ချိုးဖောက်သူတွေကို ပွင့်လင်းမြင်သာတဲ့ စုံစမ်းစစ်ဆေးမှုပြုလုပ်ပေးဖို့ မြန်မာအစိုးရကို တိုက်တွန်းတာ ဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်တစ်ခုတင်ပြချင်တာကတော့ So Called လူ့အခွင့်အရေး ချိုးဖောက်မှုတွေကို စုံစမ်းစစ်ဆေးသလို ARSA တွေက စခန်း ၃၀ ကျော်တိုက်တာ၊ လူ ၁၀၀ ကျော်သတ်တာ စတဲ့အချက်တွေကိုလည်း စုံစမ်းစစ်ဆေးတဲ့အထဲမှာ ထည့်သွင်းဖို့သင့်ပါတယ်။ ဘာကြောင့်လဲဆိုတော့ သူတို့ကလည်း Violence ကို မသိခဲ့လို့ဖြစ်ပါတယ်။ အခုသမ္မတရုံးက ထုတ်ပြန် တာကတော့ ဒီလွတ်လပ်သောကော်မရှင်သည် ARSA အကြမ်းဖက်အဖွဲ့၏ အကြမ်းဖက်တိုက်ခိုက်မှု ပြီးနောက် လူ့အခွင့်အရေးချိုးဖောက်မှုများ၊ ယင်းနှင့်ဆက်နွယ်သည့်ကိစ္စရပ်များကို စုံစမ်းစစ်ဆေးမည် ဖြစ်သည် လို့ ဖော်ပြပါရှိပါတယ်။ ဒါကြောင့် စုံစမ်းရမယ့် Scope က အင်မတန်ကျဉ်းနေတယ်။ ARSA တွေရဲ့ တိုက်ခိုက်မှု၊ သတ်ဖြတ်မှုတွေကို ကန့်လန့်ကာနဲ့ချပေးသလိုဖြစ်နေတယ်။ လူ့အခွင့်အရေး ချိုးဖောက်မှုတွေဖြစ်ခဲ့ဦးတော့၊ အဲဒါဘာကြောင့်ဖြစ်တာလဲဆိုရင်တော့ ARSA ရဲ့တိုက်ခိုက်မှုကို တပ်ဖွဲ့တွေက Rule of Engagement အရ ဆောင်ရွက်ခဲ့ခြင်းသာဖြစ်ပါတယ်။ လူ ၁၀၀ ကျော်သတ်ခဲ့တဲ့ ARSA ရဲ့ ရက်စက်ကြမ်းကြုတ်မှုကို လူ့အခွင့်အရေးကန့်လန့်ကာနဲ့ ဖုံးကွယ်ဖျောက်ဖျက် ပြီးတော့ မိမိတပ်ဖွဲ့ဝင်တွေကို ဦးတည်စစ်ဆေးစေမယ်ဆိုရင် တရားမျှတမှုမရှိပါဘူး။ ကျောသား ရင်သားမခွဲခြားဘဲ မျှမျှတတဖြစ်အောင် The Whole Picture ကိုပဲ စုံစမ်းစစ်ဆေးသင့်တယ်လို့ ကျွန်တော်ကတော့ တင်ပြလိုပါတယ်။ နောက်တစ်ချက်က UNSC Statement မှာလည်း ARSA ရဲ့တိုက်ခိုက်မှုပြီးနောက်ကိုပဲ စုံစမ်းစစ်ဆေးပေးပါလို့လည်း တောင်းဆိုထားတာမတွေ့ရပါဘူး။ ပြီးတော့ UNSC Statement က ပွင့်လင်းမြင်သာတဲ့စုံစမ်းစစ်ဆေးမှုတွေပြုလုပ်ပေးဖို့ တိုက်တွန်းတာဖြစ်တယ်။ နိုင်ငံတကာပုဂ္ဂိုလ်တွေ၊ ဥပဒေပညာရှင်တွေ ပါဝင်ခွင့်ပြုဖို့ မတိုက်တွန်းပါဘူး။ ဘယ်သူနဲ့ပဲလုပ်လုပ်

ပွင့်လင်းမြင်သာမှု ရှိဖို့ပဲလိုပါတယ်။ ဒါကြောင့် နိုင်ငံတကာပုဂ္ဂိုလ်နဲ့ နိုင်ငံတကာဥပဒေပညာရှင်တွေကို ကော်မရှင်မှာ ထည့်သွင်းပြီးတော့မှ ဖွဲ့စည်းမယ်ဆိုရင်တော့ဖြင့် အစိုးရရဲ့ဆုံးဖြတ်ချက်ကို ပြန်လည်ပြီးတော့မှ သုံးသပ်ပေးဖို့ လိုတယ်လို့ တင်ပြလိုပါတယ်။ အထူးသဖြင့် နိုင်ငံတကာပုဂ္ဂိုလ်ကြီးလို့ဆိုလိုတဲ့အဆင့်မနိမ့်တဲ့ နိုဘယ်လ်ငြိမ်းချမ်းရေးဆုရှင် နိုင်ငံတော်၏အတိုင်ပင်ခံဒေါ်အောင်ဆန်းစုကြည်ဦးစီးပြီးတော့ မှ ပြည်တွင်းကဥပဒေပညာရှင်တွေအပါအဝင် ထင်ပေါ်ကျော်ကြားတဲ့ Eminent Person တွေနဲ့ ကော်မရှင်ကိုဖွဲ့စည်းပေးဖို့ ကျွန်တော့်အနေနဲ့တော့ အကြံပြုတင်ပြလိုပါတယ်။ Another Option အနေနဲ့ဆိုလို့ရှိရင်လည်း ပြီးခဲ့တဲ့လွှတ်တော်မှာ ဥက္ကဋ္ဌတာဝန်ယူခဲ့တဲ့ ပုဂ္ဂိုလ်ကြီးနှစ်ဦးက အခုလွှတ်တော်အဝန်းအဝိုင်းမှာပဲရှိတယ်။ သူတို့ဆိုလို့ရှိရင်လည်း ဖြစ်နိုင်မယ်လို့ ကျွန်တော်ကတော့ ဖြည့်စွက်ပြီး အကြံပြုတင်ပြလိုပါတယ်။ နိဂုံးချုပ်အနေနဲ့ကတော့ဖြင့် လွှတ်တော်ကိုယ်စားလှယ်ဦးစိုင်းကျော်မိုး တင်သွင်းတဲ့အရေးကြီးအဆိုကို လေးလေးနက်နက်ထောက်ခံပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာတင်ပြအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးစိုင်းကျော်မိုးတင်သွင်းသွားတဲ့ အရေးကြီးအဆိုကို ဆွေးနွေးရန်သင့်/မသင့် လွှတ်တော်ရဲ့သဘောထားရယူပါမယ်။ ဒီအရေးကြီးအဆိုကို ဆက်လက်ဆွေးနွေးရန် လွှတ်တော်က သဘောတူပါလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါလားခင်ဗျား။ သဘောမတူတဲ့သူမရှိတဲ့အတွက် ဦးစိုင်းကျော်မိုးတင်သွင်းတဲ့ နိုင်ငံတော်အစိုးရအနေဖြင့် ရခိုင်ပြည်နယ်အတွက် လွတ်လပ်သောကော်မရှင်တစ်ခုကို နိုင်ငံတကာမှပုဂ္ဂိုလ်ကြီးတစ်ဦးအပါအဝင် အဖွဲ့ဝင်သုံးဦးဖြင့် ဖွဲ့စည်းခြင်းနဲ့ စပ်လျဉ်း၍ UNSC ကိုယ်စားလှယ်အဖွဲ့ရဲ့အကြံပြုချက်တွင် ပြည်ပအဖွဲ့ဖြင့် စစ်ဆေးခြင်းနှင့် ပြည်တွင်းအဖွဲ့ဖြင့်စစ်ဆေးခြင်းဖြင့် နည်းလမ်းနှစ်သွယ်ပါရှိရာ လွတ်လပ်သောနိုင်ငံတော်၏အချုပ်အခြာအာဏာနှင့် နိုင်ငံသားပြည်သူများ၏ဂုဏ်သိက္ခာကို လေးစားယုံကြည်သောအားဖြင့် ပြည်တွင်းမှကျွမ်းကျင်ပညာရှင်များဖြင့်သာ ဖွဲ့စည်းဆောင်ရွက်ရေးကို ပြန်လည်စဉ်းစားဆုံးဖြတ်ပေးရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း အရေးကြီးအဆိုကို လွှတ်တော်ကဆက်လက်ဆွေးနွေးမည်ဖြစ်ကြောင်း ကြေညာပါတယ်။

## ဦးစိုင်းကျော်မိုး၊ မိုင်းပန်မဲဆန္ဒနယ်က တင်သွင်းသည့်အရေးအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ ဒီအရေးကြီးအဆိုကို ၈-၆-၂၀၁၈ ရက်(သောကြာနေ့)မှာ ဆက်လက်ဆွေးနွေးမှာဖြစ်ကြောင်းနှင့် ဆွေးနွေးလိုတဲ့ကိုယ်စားလှယ်များရှိပါက ၇-၆-၂၀၁၈ ရက်(ကြာသပတေး)နေ့ ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းကြရန်ဖြစ်ပါတယ်။

**ဒေါ်ဝင့်ဝါထွန်း၊ ရှားတောမဲဆန္ဒနယ်က သမဝါယမဦးစီးဌာန၏ မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များကို အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ပြန်လည်ဆန်းစစ်သုံးသပ်ပြီး လိုအပ်သည့်ပံ့ပိုးမှုများအပါအဝင် ပြုပြင်ပြောင်းလဲမှုများအား အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့်အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်းက အဆိုတစ်ရပ် တင်သွင်းထားပါတယ်။ ဒေါ်ဝင့်ဝါထွန်းအား အဆိုတင်သွင်းဖို့ဖိတ်ခေါ်ပါတယ်။

**ဒေါ်ဝင့်ဝါထွန်း(ရှားတောမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာပါရှင်။ ကျွန်မကတော့ ကယားပြည်နယ်၊ ရှားတောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဝင့်ဝါထွန်း ဖြစ်ပြီးတော့မှ တိုင်းပြည်ရဲ့တည်ဆောက်ရေးမှာအထောက်အပံ့ဖြစ်စေမယ့် သမဝါယမဦးစီးဌာနရဲ့မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များကို စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ပြန်လည်ဆန်းစစ်သုံးသပ်ပြီး လိုအပ်သည့်ပံ့ပိုးမှုများအပါအဝင် ပြုပြင်ပြောင်းလဲမှုများအား အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်းအဆိုကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်သွင်းသွားမှာဖြစ်ပါတယ်ရှင်။

လေးစားရပါသော ဥက္ကဋ္ဌကြီးရှင်။ အဆိုကို ကျွန်မအနေနဲ့ သုံးပိုင်းခွဲပြီးတင်ပြလိုပါတယ်ရှင်။ ကျွန်မကို ကျေးဇူးပြုပြီး Power Point အသုံးပြုခွင့်ပြုပေးပါရှင်။ ပထမပိုင်းအနေနဲ့တော့ မူဝါဒ၊ ရည်မှန်းချက်လုပ်ငန်းစဉ်တွေနဲ့ပတ်သက်ပြီး တင်ပြလိုပါတယ်ရှင့်။ ကျွန်မတို့နိုင်ငံမှာ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ ပြဋ္ဌာန်းချက်အရ နှစ်စဉ်ဘဏ္ဍာရေးဥပဒေ၊ အမျိုးသားစီမံကိန်းဥပဒေ၊ အခွန်ကောက်ဥပဒေစတဲ့ဥပဒေတွေကို ပြဋ္ဌာန်းရေးဆွဲရတာဖြစ်သလို စီးပွားရေးမူဝါဒ(၁၂)ချက်ပါ အချက်များပေါ်မူတည်ပြီးတော့ ကာလတို၊ ကာလလတ်၊ ကာလရှည်စီမံကိန်းများကို ရေးဆွဲအကောင်အထည်ဖော်လျက်ရှိပါတယ်ရှင်။ ထိုအထဲကမှ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနရဲ့ မျှော်မှန်းချက်အနေနဲ့ အားလုံးပါဝင်ပြီး နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် ရေရှည်တည်တံ့သော လယ်ယာကုန်ထုတ်လုပ်မှုစနစ်ထွန်းကားစေခြင်းဖြင့် စားနပ်ရိက္ခာဖူလုံ၍ အာဟာရပြည့်ဝစေခြင်း၊ ကျေးလက်နေပြည်သူလူထုများ၏ လူမှုစီးပွားဘဝမြင့်မားလာစေရန်နှင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန်လို့ ဖော်ပြထားပါတယ်။ ထို့အတူပဲ ကျွန်မတို့ဝန်ကြီးဌာနရဲ့ရည်မှန်းချက်(၁၁)ရပ်ထဲမှာ သမဝါယမနှင့်သက်ဆိုင်တဲ့ ရည်မှန်းချက်(၄)ရပ်ဖြစ်ပါတယ်။ ထို့အတူပဲ လယ်ယာကဏ္ဍမူဝါဒ(၁၀)ရပ်ထဲမှာ ဒီလယ်ယာကဏ္ဍမူဝါဒတွေ၊ လုပ်ငန်းစဉ်တွေအကောင်အထည်ဖော်တဲ့အခါမှာလည်း သမဝါယမဦးစီးဌာနအနေနဲ့ သမဝါယမအသင်းများနဲ့ တက်ညီလက်ညီပူးပေါင်းပါဝင်ပြီးတော့မှ ဆောင်ရွက်လျက်ရှိတယ်ဆိုတာကိုလည်း ကျွန်မတို့လေ့လာတွေ့ရှိရပါတယ်။ သမဝါယမလုပ်ငန်းများနဲ့ သမဝါယမစနစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချမှတ်ထားတဲ့မူဝါဒ(၆)ရပ်ဖြစ်ပါတယ်။ သမဝါယမလုပ်ငန်းများနဲ့ သမဝါယမစနစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းစဉ်(၉)ရပ်ဖြစ်ပါတယ်။ လက်ရှိမှာတော့ သမဝါယမ

ဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိတဲ့ Action Plan (၈)ရပ်ဖြစ်ပါတယ်။ သမဝါယမ အသင်းများဖွဲ့စည်းခြင်း၊ အသေးစားအရင်းအနှီး ချေးငွေထုတ်ချေးခြင်းလုပ်ငန်း၊ လယ်ယာသုံး စက်ကိရိယာများ အရစ်ကျငွေချေစနစ်(Hire Purchase)စနစ်ဖြင့် ရောင်းချပေးခြင်းလုပ်ငန်း၊ စက်မှုလယ်ယာစနစ်ကူးပြောင်းနိုင်ရေးအတွက် မြေယာပြုပြင်ခြင်းလုပ်ငန်း၊ လယ်ယာအထောက်အကူ ပြုဝန်ဆောင်မှု သမဝါယမအသင်းများပေါ်ပေါက်လာရေးနှင့် လယ်ယာသွင်းအားစုများ ဖြန့်ဖြူးပေး နိုင်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်မှု၊ ကုန်သွယ်မှု၊ ဝန်ဆောင်မှုသမဝါယမအသင်းများအား အဆင့် မြှင့်တင်ခြင်းလုပ်ငန်း၊ အကူအညီအထောက်အပံ့နှင့် ငွေကြေးအရင်းအနှီးရယူဆောင်ရွက်ခြင်း လုပ်ငန်း၊ သမဝါယမပညာပေးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းလုပ်ငန်းဆိုပြီးတော့မှ လက်ရှိမှာ ဆောင်ရွက်လျက်ရှိတယ်လို့ လေ့လာတွေ့ရှိရပါတယ်။ ဒီလုပ်ငန်းစဉ်တွေဟာဆိုရင်ဖြင့် စီးပွားရေး မူဝါဒ(၁၂)ရပ်ထဲမှာပါတဲ့ နံပါတ်စဉ်(၆)မှာရှိတဲ့ ဘက်စုံဖွံ့ဖြိုးတိုးတက် ရေး၊ စားနပ်ရိက္ခာဖူလုံစေရေးနှင့် ပို့ကုန်မြှင့်တင်နိုင်ရေးတို့အတွက် လယ်ယာကဏ္ဍ၊ မွေးမြူရေးကဏ္ဍနှင့် စက်မှုကဏ္ဍများဘက်ညီစွာ တိုးတက်လာစေရန် စက်မှုလယ်ယာကဏ္ဍ ချိန်ခွင်လျှာညီသည့် စီးပွားရေးပုံစံဖော်ထုတ်ရန်ဆိုတဲ့ အချက်ကို အကောင်အထည်ဖော်နေတာဖြစ်တဲ့ အတွက်ကြောင့်မို့လို့ ကျွန်မတို့လိုမျိုး စိုက်ပျိုးရေးကို အခြေခံတဲ့ LDC နိုင်ငံဖြစ်တဲ့ ဘတ်ဂျက်လိုငွေ အများတမ်းပြနေတဲ့ ပို့ကုန်/သွင်းကုန်ပမာဏမမျှတဲ့ နိုင်ငံတစ်ခုရဲ့ GDP တိုးတက်မှုအတွက် အဓိကပံ့ပိုးပေးတဲ့ကိစ္စရပ်ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကျွန်မတို့ စဉ်ဆက်မပြတ်လေ့လာစောင့်ကြည့်ပြီးတော့မှ ပြုပြင်ပြောင်းလဲမှုတွေကိုလည်း လုပ်ကိုင် ဆောင်ရွက်ဖို့ အင်မတန်အရေးကြီးလှပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ ဒုတိယတစ်ပိုင်းအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မှုအပိုင်းကို ဆွေးနွေးလိုပါတယ်ရှင်။ သမဝါယမဦးစီးဌာနအနေနဲ့ စိုက်ပျိုးစရိတ်ထုတ်ပေးခြင်း၊ လယ်ယာသုံး စက်ကိရိယာများ Hire Purchase စနစ်ဖြင့် ရောင်းချပေးခြင်း၊ သွင်းအားစုများဖြန့်ဖြူးပေးခြင်းစတဲ့ လုပ်ငန်းစဉ်တွေကို လုပ်ကိုင်ဆောင်ရွက်တဲ့ လုပ်ငန်းတွေထဲကနေပြီးတော့မှ ဥပမာတစ်ရပ်အနေနဲ့ အသေးစားအရင်းအနှီးချေးငွေထုတ်ပေးခြင်းလုပ်ငန်းကို ကျွန်မတင်ပြလိုပါတယ်။ အချိန်အခက်အခဲ ကြောင့် ကျန်တဲ့ကိစ္စတွေကို တင်ပြဆွေးနွေးနိုင်ခြင်းမရှိပါဘူးရှင်။ ကျွန်မတို့ ဒီအသေးစားအရင်းအနှီး ငွေထုတ်ပေးခြင်းရဲ့ရည်ရွယ်ချက်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲမွဲတေမှုလျှော့ချရေး၊ သမဝါယမအသင်းများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်လာစေရေး၊ မြန်မာ့လယ်ယာကဏ္ဍဖွံ့ဖြိုး တိုးတက်လာစေရေး၊ သမဝါယမအသင်းသားတောင်သူလယ်သမားများအား အတိုးနှုန်းသက်သာ စေရေးတို့အတွက် တရုတ်နိုင်ငံမှ Exim Bank မှ US ဒေါ်လာသန်း ၄၀၀ ကို မြန်မာအစိုးရရဲ့ အာမခံစာ ရယူချေးခဲ့တာဖြစ်ပါတယ်။ ဒီလိုငွေချေးတဲ့အခါမှာ ငွေချေးသူအဖြစ် ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့ နိုင်ငံခြားရေးဘဏ်စတဲ့ ငွေချေးသူအဖြစ်နဲ့ တာဝန်ယူခဲ့ပြီးတော့မှ Agent Bank အနေနဲ့ကတော့ မြန်မာ့စီးပွားရေးဘဏ်က တာဝန်ယူဆောင်ရွက်ပြီး သမဝါယမဝန်ကြီးဌာနမှတစ်ဆင့် ဗဟိုသမဝါယမ အသင်းတွေကို ဆက်လက်ပြီးတော့မှ ပေးပို့ခဲ့တဲ့ ငွေကြေးတွေဖြစ်ပါတယ်။ ဒါကတော့ China Exim Bank နဲ့ပတ်သက်တဲ့ စာချုပ်ပါအချက်အလက်များဖြစ်ပါတယ်ရှင်။ ယခုလက်ရှိမှာတော့ ရည်ရွယ်ချက် ကောင်းများစွာနဲ့ချေးခဲ့တဲ့ Exim Bank ချေးငွေကနေ လည်ပတ်နေတဲ့လုပ်ငန်းတွေ ဖြစ်ပါတယ်။ တိုင်းဒေသကြီး/ပြည်နယ်၊ နေပြည်တော်ကောင်စီအပါအဝင် ၁၅ ခုမှာ မြို့နယ်ပေါင်း ၂၉၁ မြို့နယ်၊

အသင်းပေါင်း ၃၀၀၀၀ ကျော်၊ အသင်းသားပေါင်း ၂.၅ သန်းကျော်နဲ့ ထုတ်ချေးငွေ စုစုပေါင်း ၅၃၄.၄၇၃ ဘီလီယံခန့် ထုတ်ချေးခဲ့ပြီးဖြစ်တယ်လို့ သိရှိရပါတယ်။ ဒီအထက်ပါအသင်းသားတွေဟာ တကယ်ပဲ ချေးငွေရဲ့ရည်ရွယ်ချက်ဖြစ်တဲ့ အသေးစားအရင်းအနှီး ချေးငွေလုပ်ငန်း ရည်ရွယ်ချက် အတိုးနှုန်းသက်သာပြီး ပြည်သူများအတွက် လတ်တလောသက်သာချောင်ချိမှုရရှိစေရေးသာမက နောင် လေးနှစ်၊ ငါးနှစ်အတွင်းမှာ ငွေချေးစရာမလိုတော့ဘဲ မိမိဘာသာရပ်တည်လည်ပတ်နိုင်အောင် (Self Reliance) ဖြစ်အောင်၊ ထိုမှတစ်ဆင့် ကျွန်မတို့ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်အောင် (Sustainable Development) ဖြစ်အောင်အထိ ကျွန်မတို့ မျှော်မှန်းဆောင်ရွက်ခြင်းဖြစ်တယ်လို့ ဆိုတဲ့အတွက် ကျွန်မတို့ အခုလက်ရှိအချိန်အခါမှာ အမှန်တကယ်ပဲ ဒီရည်ရွယ်ချက်တွေကို ပေါက်မြောက်အောင်မြင်နေပြီလားဆိုတာ ဆန်းစစ်ရမယ့်အချိန်အခါရောက်နေပါတယ်ရှင်။ ထို့အတူပဲ ကျွန်မတို့ အမြဲတမ်းမရိုးနိုင်တဲ့မေးခွန်းတစ်ခုရှိပါတယ်။ အဲဒါကတော့ သမဝါယမဦးစီးဌာနရဲ့ စီမံခန့်ခွဲ ခွင့်ရတဲ့ ပြည်သူပိုင်သိမ်းအခန်းများနဲ့ သမဝါယမပိုင်ကိစ္စရပ်များပဲဖြစ်ပါတယ်။ အထက်ပါကိစ္စရပ် များနဲ့ပတ်သက်ပြီးတော့မှလည်း ကျွန်မတို့ ရှင်းလင်းပြတ်သားတဲ့မူ၊ လုပ်ငန်းစဉ်တွေချမှတ်ပြီးတော့မှ ပွင့်လင်းမြင်သာစွာချပြရမယ့် အချိန်ကာလကို ရောက်ရှိလာပါပြီရှင်။ ကျွန်မတို့နိုင်ငံဟာ ကမ္ဘာဟာ ရွာကြီးတစ်ရွာဖြစ်လာတာအတွက်ကြောင့်မို့လို့ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပေါင်းစပ်ချိတ်ဆက် ပြီးတော့မှလည်း လုပ်ကိုင်ဆောင်ရွက်ဖို့ အင်မတန်အရေးကြီးပါတယ်။ အထက်ပါအဖွဲ့များနဲ့ ပေါင်းစပ် ချိတ်ဆက်ပြီးတော့မှ အပြန်အလှန်လေ့လာသင်ယူမှုတွေပြုလုပ်ပြီး ကျွန်မတို့ ပြုပြင်ပြောင်းလဲမှုတွေ ဖန်တီးနေမယ်လို့လည်း ယုံကြည်မျှော်လင့်နေပါတယ်ရှင့်။

လေးစားရပါသော ဥက္ကဋ္ဌကြီးရှင်။ တတိယပိုင်းအနေနဲ့တော့ ဥပဒေပိုင်းဆိုင်ရာကိစ္စရပ်တွေကို အနည်းငယ် ဆွေးနွေးလိုပါတယ်။ ယနေ့ကျွန်မတို့မြန်မာနိုင်ငံမှာ တည်ဆဲဥပဒေအနေနဲ့ ၁၉၉၂ ခုနှစ်၊ သမဝါယမအသင်းဥပဒေ၊ ၂၀၁၃ ခုနှစ်၊ သမဝါယမအသင်းနည်းဥပဒေတွေကို ပြဋ္ဌာန်းထားပါတယ်။ ကျွန်မတို့ ပြုပြင်ပြောင်းလဲမှုလို့ဆိုတဲ့အခါမှာ ဥပဒေပိုင်းဆိုင်ရာကိစ္စရပ်တွေကိုလည်း ထည့်သွင်း စဉ်းစားရပါမယ်။ ဥပဒေပိုင်းဆိုင်ရာကိစ္စရပ်တွေမှာ ခေတ်စနစ်နဲ့လိုက်လျောညီထွေမှုရှိ/မရှိ၊ အပြည် ပြည်ဆိုင်ရာ သမဝါယမစံနှုန်းများနဲ့ကိုက်ညီမှုရှိ/မရှိ၊ ထိုခေတ်ထိုအချိန်ကာလက ရေးဆွဲခဲ့တဲ့ သမဝါယမရဲ့အခြေခံတွေးခေါ်မှုဖြစ်တဲ့ သမဝါယမအသင်းအမှုဆောင်များသည် ပါတီနိုင်ငံရေး ကင်းရှင်းရန်နှင့် ပါတီလုပ်ငန်းများဆောင်ရွက်ပါက အမှုဆောင်အဖြစ် ရွေးချယ်တင်မြှောက်ခွင့်မရှိပါ ဆိုတဲ့ အချက်တွေအပေါ်မှာရော အမှန်တကယ် လိုက်နာကျင့်သုံးမှုရှိ/မရှိ စစ်ဆေးရမယ့်အချိန်ကာလ ရောက်လာပါပြီ။ ဥပဒေပိုင်းဆိုင်ရာကိစ္စရပ်တွေမှာ ကျွန်မတို့လွှတ်တော်ကြီးမှ အဓိကအခန်းကဏ္ဍက နေ တာဝန်ရှိတာဖြစ်တဲ့အတွက်ကြောင့်မို့လို့ သက်ဆိုင်ရာလွှတ်တော်ကြီးမှ ဥပဒေများကို ပြင်ဆင်ရန်၊ ပယ်ဖျက်ရန်၊ အသစ်ရေးဆွဲရန်အတွက် စနစ်တကျစိစစ်လေ့လာပေးဖို့လည်း တောင်းဆိုလိုပါတယ်။ ထို့အတူပဲ ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်တဲ့ဥပဒေမှာဆိုလို့ရှိရင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရဲ့တာဝန်မှာ နိုင်ငံပိုင်ပစ္စည်း၊ သမဝါယမပိုင်ပစ္စည်းများနှင့် အများပိုင် ပစ္စည်းတို့ကို ရယူထိန်းသိမ်းအသုံးပြုရာမှာ တိကျမှန်ကန်မှု၊ စနစ်တကျထိန်းသိမ်းစောင့်ရှောက်မှုနဲ့ ထိရောက်စွာအသုံးပြုမှုရှိ/မရှိ စစ်ဆေးခြင်းဆိုတဲ့ တာဝန်တစ်ရပ်ပါဝင်ပါတယ်။ ဒီအခါမှာ ၁၉၉၂ ခုနှစ်၊ သမဝါယမဥပဒေကို မလေ့လာလို့မရတော့ပါဘူး။ ထို့အတူပဲ ၂၀၁၃ ခုနှစ်၊ သမဝါယမအသင်း

နည်းဥပဒေကိုလည်း ကျွန်မတို့လေ့လာရမှာဖြစ်ပါတယ်။ ဥပဒေတစ်ခုဟာ ပြဋ္ဌာန်းလိုက်ပြီးတဲ့အခါမှာ ဥပဒေနှစ်ခုက အပြန်အလှန် Conflict ဖြစ်လို့မရပါဘူး။ ဒီလိုဖြစ်တာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကျွန်မတို့ လက်ရှိတည်ဆဲ သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေများနဲ့ ပြဋ္ဌာန်းလိုက်ပြီးသားဖြစ်တဲ့ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေ ပြဋ္ဌာန်းချက်များဟာ လိုက်လျောညီထွေမှုရှိ/မရှိဆိုတာကိုလည်း ကျွန်မတို့ ပြန်ပြီးတော့မှ စစ်ဆေးရမယ့် အချိန်ကာလရောက်ပြီလို့ မြင်ပါတယ်ရှင့်။ ဘာကြောင့် ဒီမေးခွန်းကို ထုတ်ရသလဲဆိုလို့ရှိရင် ကျွန်မတို့ သမဝါယမအသင်းများကို စာရင်းစစ်ချုပ်ရုံးများ၏ အစစ်ဆေးခံအဖွဲ့အစည်းများအဖြစ်မှ ပယ်ဖျက်ကြောင်း ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးက ၆-၈-၂၀၁၂ ရက်စွဲပါစာအမှတ် တိုင်းဒေသကြီး/ပြည်နယ်စာရင်းစစ်ချုပ်ရုံးများကို အကြောင်းကြားထားတယ်လို့ သိရှိရတာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ ကျွန်မတို့နိုင်ငံဟာ ၁၉၀၅ ခုနှစ်မှ စတင်ခဲ့တဲ့ သမဝါယမစနစ်ကို ကျွန်မတို့ ဒီအချိန်မှာမှ ပြုပြင်ပြောင်းလဲမှုတွေမလုပ်ဘူးဆိုလို့ရှိရင် အင်မတန်နောက်ကျပြီး ကျန်ခဲ့မှာဖြစ်ပါတယ်။ ဒီအတွက်ကြောင့်မို့လို့ ကျွန်မတို့နိုင်ငံရဲ့ သမဝါယမစနစ်ခိုင်မာအားကောင်းစေဖို့အတွက် နိုင်ငံတကာမှ မိမိတို့နိုင်ငံနဲ့ လိုက်လျောညီထွေရှိမယ့် အတွေ့အကြုံတွေကို သင်ခန်းစာယူဖို့လိုပါတယ်။ လုပ်ဆောင်ခဲ့မှုတွေကိုလည်း ပြန်လည်ဝေဖန်ဆန်းစစ်သုံးသပ်ပြီးတော့မှ ကျွန်မတို့ ပြုပြင်ပြောင်းလဲဖို့ လိုပါတယ်။ လုပ်ဆောင်လျက်ရှိတဲ့ကိစ္စရပ်တွေ ရဲ့ အားနည်းချက်၊ အားသာချက်တွေကိုလည်း ကျွန်မတို့ သင်ခန်းစာယူရပါမယ်။ သင်ခန်းစာယူပြီးရင် ကျွန်မတို့ အချိန်မီပြုပြင်ပြောင်းလဲဖို့လည်း အင်မတန်အရေးကြီးပါတယ်။ ကျွန်မတို့ စနစ်တစ်ခုခိုင်မာဖို့၊ အမြစ်တွယ်ဖို့ဆိုတာ ကျွန်မတို့ တစ်ဦးကောင်း၊ တစ်ယောက်ကောင်း၊ တစ်ဖွဲ့ကောင်းနဲ့ လုပ်လို့မရပါဘူး။ အထူးသဖြင့် သမဝါယမစနစ်ဆိုတာ လူထုကို ဗဟိုပြုတဲ့စနစ်ဖြစ်ပါတယ်။ ဒီလိုစနစ်ဖြစ်တာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ပါဝင်ပတ်သက်တဲ့သူပုဂ္ဂိုလ်တစ်ဦးဦးဆီက ကျွန်မတို့ မူဝါဒတွေ၊ မျှော်မှန်းချက်တွေ၊ ရည်မှန်းချက်တွေကို ရှင်းလင်းပြတ်သားစွာ သိရှိနားလည်မှုသာလျှင် ခံယူချက်အပြည့်နဲ့ ချမှတ်ထားတဲ့မူဝါဒလုပ်ငန်းစဉ်တွေကို စနစ်တကျ အကောင်အထည်ဖော်မှသာ ကျွန်မတို့သမဝါယမစနစ်က အမှန်တကယ်ပဲ အောင်မြင်လာမှာဖြစ်ပါတယ်။ ဒီအတွက်ကြောင့်မို့လို့ ကျွန်မတို့ ခေတ်အဆက်ဆက်က ကြိုးစားခဲ့ပေမဲ့ ကျွန်မ တစ်ဦးတည်းအနေနဲ့ဆိုလို့ရှိရင် အောင်မြင်မှုမရသေးတဲ့ ကျွန်မတို့သမဝါယမစနစ် အောင်မြင်ဖြစ်ထွန်းဖို့ရာ မိမိတို့နိုင်ငံရဲ့ သမဝါယမဦးစီးဌာနမှ ချမှတ်ထားသည့်မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မည်သည့်အကြောင်းအရာ အနေအထားများက အခက်အခဲကိုဖြစ်စေပြီး မည်သည့်အကြောင်းအရာအနေအထားများက အထောက်အပံ့ဖြစ်စေတယ်ဆိုတာ သိရှိအောင် အချိန်မီသင်ခန်းစာယူပြီး အမြန်ဆုံးပြုပြင်ပြောင်းလဲမှုများဆောင်ရွက်ကာ သမဝါယမစနစ်ခိုင်မာအားကောင်းစေရန်အတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဒီအဆိုကို လေးစားစွာ တင်သွင်းရခြင်းဖြစ်ပါတယ်။ ယခုလက်ရှိ ကျွန်မ Power Point မှာ ဖော်ပြထားတာကတော့ CCS လို့ခေါ်တဲ့ Central Co-Operative Society ကနေ လစဉ်ထုတ်ပြန်ထားတဲ့ စာစောင်ဖြစ်ပါတယ်။ ဒီစာစောင်ထဲမှာဆိုလို့ရှိရင် လက်ရှိအစိုးရက ဘာတွေဆောင်ရွက်နေတယ်ဆိုတာကို ကျွန်မတို့ ဒီ ၆ လပိုင်းလကုန်အထိ လေ့လာသိရှိနိုင်ပါတယ်ရှင့်။ အားလုံးကို ကျေးဇူးအများကြီးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒေါ်ဝင့်ဝါထွန်း တင်သွင်းသွားတဲ့အဆိုကို ထောက်ခံမယ့်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဒေါ်သန္တာ(အိမ်မဲ မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ ရှားတောမဲဆန္ဒနယ်က ဒေါ်ဝင့်ဝါထွန်း တင်သွင်းသွားတဲ့အဆိုကို ထောက်ခံမယ့် အိမ်မဲမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်သန္တာပဲ ဖြစ်ပါတယ်။ ၁၉၇၀ ခုနှစ်၊ သမဝါယမအသင်း အက်ဥပဒေအရ ဖွဲ့စည်းထားတဲ့ သမဝါယမအသင်းတွေဟာ ဆိုရှယ်လစ်စီးပွားရေးအငွေ့အသက်တွေ ရှိနေလို့ဆိုပြီး ၁၉၉၂ ခုနှစ်မှာ ဥပဒေအမှတ်(၉/၁၉၉၂)နဲ့ သမဝါယမအသင်းဥပဒေကို ပြင်ဆင်ဖွဲ့စည်းထားပါတယ်။ သို့သော် ယနေ့အထိ အခုလက်ရှိရှိနေတဲ့ သမဝါယမအသင်းတွေဟာ ဆိုရှယ်လစ်စီးပွားရေးစနစ်အငွေ့အသက်ကင်းပြီလား။ ဒါမှမဟုတ် ဒီမိုကရေစီအငွေ့အသက်တွေရောက်နေပြီလားဆိုတာ ကျွန်မတို့ ပြန်ဆန်းစစ်ရမယ့်အချိန်ပဲ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကြီးထဲမှာထိုင်နေတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အားလုံးကို ဒီသမဝါယမလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ပြီလား မေးကြည့်မယ်ဆိုရင် အောင်မြင်နေတယ်လို့ ပြောမယ့်ကိုယ်စားလှယ်ဦးရေထက် မအောင်မြင်ဘူးလို့ ပြောမယ့်ကိုယ်စားလှယ်ဦးရေက အများစုဖြစ်ပါတယ်။ ဒီအကြောင်းအရာတစ်ခုတည်းနဲ့တင် ဒီအဆိုကို ကျွန်မတို့ လက်ခံဆွေးနွေးရမယ့်အချက်တစ်ချက်ပဲဖြစ်ပါတယ်။ ကျွန်မတို့ မြန်မာနိုင်ငံမှာ မြန်မာ့စကားပုံတွေ အများကြီးရှိပါတယ်။ ဒီအထဲမှာ အနာသိဆေးရှိလို့ဆိုပါတယ်။ သို့သော် ဒီအနာကို ဆေးမြီးတိုနဲ့ ကုမယ်ဆိုရင်တော့ ဒီဟာက ပိုဆိုးသည်ထက်ဆိုးလာမှာပဲဖြစ်ပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရဲ့ရည်မှန်းချက်(၁၁)ရပ်ထဲမှာ သမဝါယမကဏ္ဍနှင့်ပတ်သက်တဲ့ ရည်မှန်းချက် (၄)ရပ်ဟာ အလွန်ပဲကောင်းမွန်တာကို တွေ့ရမှာဖြစ်ပါတယ်။ ဒီ(၄)ရပ်မှာပါတဲ့အချက် ပထမအချက်တော့ လုပ်ကွက်ငယ်တောင်သူလယ်သမားများ၊ တစ်ပိုင်တစ်နိုင် မွေးမြူသူများ၊ ရေလုပ်သားများကို အခြေခံတဲ့ အစုအဖွဲ့များ၊ သမဝါယမအသင်းများဖွဲ့စည်းပြီး အတွေးသစ်၊ အမြင်သစ်များဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို ခေတ်မီဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ယင်းလုပ်ငန်းများမှာ အမျိုးသမီးများရဲ့ အခန်းကဏ္ဍပိုမိုမြှင့်တင်ရန်လို့ ပါပါတယ်။ ဒီအချက်တစ်ချက်နဲ့တင် အလွန်ကောင်းတယ်လို့ ကျွန်မတို့ ဆိုနိုင်ပါတယ်။ ဒီအထဲမှာ Gender Equality ဖြစ်တဲ့ အမျိုးသမီးများရဲ့အခန်းကဏ္ဍတွေလည်း ပါပါတယ်။ လုပ်ကွက်ငယ်တောင်သူလယ်သမားတွေရဲ့အခန်းကဏ္ဍတွေလည်း ပါပါတယ်။ ဒါပေမဲ့ ဒီကိစ္စကို ဒီရည်မှန်းချက်(၄)ရပ်ကို အကောင်အထည်ဖော်နိုင်ပြီလားဆိုတာကို ကျွန်မတို့လက်တွေ့မြေပြင်မှာ စစ်ဆေးကြည့်မယ်ဆိုရင်တော့ ကျွန်မတို့အားလုံးမြင်နိုင်မှာဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ ခေတ်အဆက်ဆက် စာရွက်ပေါ်မှာ ကိန်းဂဏန်းတွေအပေါ်မှာအခြေတည်ပြီး စီမံကိန်းလုပ်ငန်းတွေကို လုပ်ခဲ့ကြပါတယ်။ စာရွက်တွေပေါ်မှာတော့ သမဝါယမလုပ်ငန်းဟာလည်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို ထိရောက်စွာအထောက်အကူပြုပြီး မြို့ပြနေအခြေခံပြည်သူများနှင့် ကျေးလက်နေပြည်သူများရဲ့လူမှုစီးပွားဘဝကို ဖွံ့ဖြိုးတိုးတက်မှုများစွာ အကျိုးပြုနေတယ်လို့ပဲ ဆိုပါတယ်။ သို့သော် တကယ်မြေပြင်လက်တွေ့မှာတော့ သမဝါယမဆောင်ရွက်ပေးနေတဲ့ အသေးစားအရင်းအနှီးချေးငွေလုပ်ငန်းတွေဟာ အသင်းသားပြည်သူတွေကို ဘယ်လောက်အထိ ထိထိရောက်ရောက်အကောင်အထည်ဖော်ပေးနိုင်သလဲ။ ဘယ်လောက်အထိ အောင်မြင်အောင်

လုပ်ပေးနိုင်သလဲဆိုတာ သံသယဖြစ်ဖွယ်ရှိပါတယ်။ တကယ်တော့ ဒီချေးငွေဟာ ချေးငွေချေးရုံ သက်သက်မဟုတ်ပါဘူး။ အသင်းသားတွေကို ခြိုးခြံချွေတာတတ်တဲ့အလေ့အကျင့်လေးတွေရပြီးတော့ ဒီချေးငွေအပေါ်မှာ သက်ဆိုင်ရာအခြေခံအသင်းကနေ အတိုးပြန်လည်ပေးတဲ့အတွက်ကြောင့် ဒီချေးငွေကနေ စုဆောင်းငွေပြန်လည်ဖြစ်နိုင်မယ့် မတည်ငွေ၊ နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ပြီးနောက် လေး၊ ငါးနှစ်ကြာတဲ့အခါ ပြည်ပချေးငွေချေးစရာမလိုတော့ဘူးလို့ ဆိုပါတယ်။ သို့သော် လက်တွေ့ မြေပြင်မှာတော့ ကျွန်မတို့တိုင်းပြည်ထဲမှာ ကျေးလက်နေပြည်သူလူထုဟာ သမဝါယမအသင်းက ချေးငွေတွေ ချေးရတယ်။ ဒီသမဝါယမအသင်းက ချေးငွေတွေကို ပြန်ဆပ်မယ်ဆိုရင် မြစိမ်းရောင် ချေးငွေက ချေးငွေကိုယူပြီး ပြန်ဆပ်ရတယ်။ မြစိမ်းရောင်ချေးငွေက ပြန်ဆပ်ခါနီးရင် တခြား World Vision တို့၊ Pat Myanmar မြန်မာတို့က ချေးတဲ့ချေးငွေတွေကို ပြန်ဆပ်ရတယ်။ ဒါနဲ့မှ မလုံလောက် ရင် ရပ်ထဲရွာထဲကနေ အတိုးကြီးကြီးနဲ့ ပြန်ဆပ်ရတယ်။ ဒီထဲမှာပဲ လည်နေပါတယ်။ ဒါကိုကြည့်ခြင်း အားဖြင့် ကျွန်မတို့ရဲ့သမဝါယမအသင်းရဲ့လုပ်ငန်းဟာ ဘယ်လောက်အထိအောင်မြင် နေပြီလဲဆိုတာ ကို လက်တွေ့တွေ့နိုင်ပါတယ်။

ကျွန်မတို့လွှတ်တော်ကိုယ်စားလှယ်တွေဟာ မြေပြင်ကို လက်တွေ့ပြည်သူလူထုနဲ့အနီးဆုံး ထိတွေ့ရတဲ့ကိုယ်စားလှယ်တွေဖြစ်တဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်တွေဆီမှာ သမဝါယမအသင်း ရဲ့အောင်မြင်မှု ဒါမှမဟုတ် မအောင်မြင်မှုအချက်အလက်တွေ အများကြီးရှိနေပါတယ်။ ကျွန်မတို့ အိမ်မဲမြို့နယ်က ခတ္တရာကျေးရွာမှာဆို သမဝါယမအသင်းဥက္ကဋ္ဌက အသင်းသားတွေရဲ့လက်မှတ်တု ကို ထိုး။ အသင်းပိုင်ငွေတွေကိုထုတ်ယူသွားလို့ တိုင်ကြားခဲ့ပါတယ်။ ဒါပေမဲ့ ဒီတိုင်ကြားခဲ့တဲ့ဥက္ကဋ္ဌက မကြာခင်ကာလမှာ ဒီတိုင်ကြားစာတက်သွားပြီး ဒီအသင်းငွေပြန်သွင်းပေးလို့ဆိုပြီး ဒီဥက္ကဋ္ဌကို အရေးယူမှုမရှိခဲ့ပါဘူး။ တကယ့်တကယ်ကျတော့ သမဝါယမအသင်းဥပဒေမှာ သမဝါယမအသင်း ကျင့်ဝတ်ဆိုတာရှိပါတယ်။ ဒီကျင့်ဝတ်ဟာ အင်မတန်မှလည်းကောင်းပါတယ်။ ကျင့်ဝတ်မှာ ရိုးသားရ မယ်၊ ပွင့်လင်းရမယ်၊ လူမှုရေးစိတ်ဓာတ်ရှိရမယ်၊ အများအကျိုးကိုလည်း အလေးထားရမယ်လို့ ဆိုပါတယ်။ သို့သော် တော်တော်များများ အသင်းသားတွေ၊ အသင်းဥက္ကဋ္ဌတွေ မှာ ဒီသမဝါယမ ကျင့်ဝတ်နဲ့မညီတာတွေ အများကြီးရှိနေပါတယ်။ ဒါကိုလည်း ကြည့်လို့ရှိရင် သမဝါယမဦးစီးဌာနက M & E ဆိုတဲ့ စောင့်ကြည့်လေ့လာသုံးသပ်မှုတွေအားနည်းတယ်ဆိုတာ ကျွန်မတို့မျက်ဝါးထင်ထင်မြင်ရမှာ ဖြစ်ပါတယ်။ အမှန်တကယ် ရည်ရွယ်ထားခဲ့တဲ့ မိမိငွေကြေးနဲ့ မိမိရပ်တည်နိုင်အောင် လုပ်နိုင်ပြီလား။ အကြွေးတွေ ကင်းပြီလား။ အကြွေးတွေပတ်လည်ဝိုင်းတုန်းပဲလား။ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ပြီ လားဆိုတာဟာ လွှတ်တော်ကိုယ်စားလှယ်တွေအားလုံးဆီမှာ ဒီအချက်အလက်တွေအားလုံးတူတူညီညီ ရှိနေပါတယ်။ သမဝါယမလုပ်ငန်းနဲ့ သမဝါယမဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်း(၉)ရပ်မှာ (၁)အချက်မှာ သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင်မြင်ရေးအတွက် သမဝါယမသဘောတရားတွေ၊ သမဝါယမကျင့်ဝတ်တွေ၊ သမဝါယမအနှစ်သာရ၊ သမဝါယမအခြေခံမူတွေနဲ့အညီ ဆောင်ရွက်ပေးရ မယ်လို့ ဆိုပါတယ်။ သို့သော် မြေပြင်လက်တွေ့အခြေအနေမှာ ဒီအခြေခံမူတွေကို သမဝါယမ အသင်းသားတွေတောင် မသိရှိတဲ့အခြေအနေဟာ အများကြီးရှိနေပါတယ်။ သမဝါယမကဏ္ဍကနေ တောင်သူတွေ၊ ပြည်သူတွေကို လယ်ယာသုံး၊ လုပ်ငန်းသုံး၊ ရေလုပ်ငန်း သုံးစက်ကိရိယာတွေ ၂၀၁၂ ခုနှစ်ကနေ ၂၀၁၃ ခုနှစ်အထိ အရစ်ကျချေးငွေစနစ်နဲ့ အသုံးပြုနိုင်အောင် ဆောင်ရွက်ပေးခဲ့တယ်လို့

ဆိုပါတယ်။ သို့သော် ထယ်သုံး၊ လက်သုံးစက်ကိရိယာတွေ၊ လယ်ယာသုံး၊ လုပ်ငန်းသုံး၊ ရေလုပ်ငန်းသုံး ကိရိယာတွေ အမှန်တကယ်တောင်သူလယ်သမားတွေရဲ့လက်ထဲ အမှန်တကယ် တောင်သူလယ်သမား တွေဝယ်နိုင်ခွင့်ရှိခဲ့ပြီလားဆိုတာ ကျွန်မတို့သံသယ ဖြစ်ဖွယ်အများကြီးတွေ့ခဲ့ရပါတယ်။

ကျွန်မတို့အိမ်မဲမြို့နယ်မှာတော့ သမဝါယမအသင်းက ဝယ်ယူထားတဲ့လယ်ယာသုံး စက်ကိရိယာပစ္စည်းတွေဆိုတာဟာ အတော်လည်းနည်းပါတယ်။ ဒီကြားထဲ ရေရှည်အသုံးမခံတဲ့ပစ္စည်း တွေများပါတယ်။ အရည်အသွေးညံ့ဖျင်းတဲ့ပစ္စည်းတွေလည်း များပါတယ်။ ဒါဟာ သမဝါယမအသင်း က ပြန်လည်သုံးသပ်ဖို့လိုပါတယ်။ ဒီစက်ကိရိယာတွေဟာ ရည်မှန်းချက်ပါတဲ့ စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းတွေ ခေတ်မီဖွံ့ဖြိုးတိုးတက်လာမလား။ ပြည်သူတွေထံ အမြဲရောက်နေတဲ့ အခြေခံပြည်သူ လူထုနဲ့ထိတွေ့တဲ့ လွှတ်တော်ကိုယ်စားလှယ်တွေ အသိဆုံးဖြစ်ပါတယ်။ ဒီအဆိုမှာ မူလအဆိုရှင် တင်သွင်းသွားသလို ဒီအဆိုရဲ့ပြုပြင်ပြောင်းလဲမှုတွေကို အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက် ပေးရန်လို့ ပြောပါတယ်။ ကျွန်မအနေနဲ့ ပြောရမယ်ဆိုရင်တော့ ဒီမှာပြုပြင်တာနဲ့ ပြောင်းလဲတာ နှစ်ခု ရှိပါတယ်။ ဒီအဆိုရဲ့မူလရည်ရွယ်ချက်မှာပါတဲ့ ကျွန်မတို့ပြုပြင်မလား။ ဒါမှမဟုတ် ပြောင်းလဲမလား ဆိုတာကို ဒီအဆိုကို လက်ခံဆွေးနွေးခြင်းအားဖြင့် လွှတ်တော်ကိုယ်စားလှယ်တွေအားလုံး ဝိုင်းဝန်း ဆွေးနွေးခြင်းအားဖြင့် ဒီအဖြေပေါ်လာပါလိမ့်မယ်လို့ ယုံကြည်ရင်းနဲ့ ထောက်ခံဆွေးနွေးအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှားတောမြို့နယ်မှ ဒေါ်ဝင့်ဝါထွန်း တင်သွင်းသွားတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ ဒီအဆိုနှင့် စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၃)အရ လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါမယ်။ ဒေါ်ဝင့်ဝါထွန်း တင်သွင်းသွားတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဒေါ်ဝင့်ဝါထွန်း၊ ရှားတောမြို့နယ်က တင်သွင်းသော သမဝါယမဦးစီးဌာန၏ မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များကို အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ပြန်လည်ဆန်းစစ် သုံးသပ်ပြီး လိုအပ်သည့်ပံ့ပိုးမှုများအပါအဝင် ပြုပြင်ပြောင်းလဲမှုများအား အမြန်ဆုံးအကောင်အထည် ဖော်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။

## ဒေါ်ဝင့်ဝါထွန်း၊ ရှားတောမြို့နယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့ လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၅)အရ ဆွေးနွေးမယ့်

လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ၇-၆-၂၀၁၈ ရက်(ကြာသပတေးနေ့) ညနေ ၄ နာရီ နောက်ဆုံး ထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန် ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့သော အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသား လွှတ်တော်မှ စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာသော အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး နဝမနေ့ (၃၀-၅-၂၀၁၈ ရက်နေ့)တွင် လွှတ်တော်သို့ လက်ခံရရှိကြောင်း အသိပေးခြင်းနှင့် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါ တယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ် များအနေဖြင့် မိမိပြင်ဆင်လိုသည့်အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာ ရေးသားဖော်ပြ၍ ၁-၆-၂၀၁၈ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန်တောင်းခံခဲ့ရာ လွှတ်တော်ကိုယ်စားလှယ် ခြောက်ဦးက အမည်စာရင်းတင်သွင်းလာပါတယ်။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၊ နိုင်ငံသားနှင့်မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ ပြည်သူ့ရေးရာစီမံ ခန့်ခွဲမှုကော်မတီ၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ ပြင်ဆင်ချက်အဆိုတင်သွင်းတဲ့ လွှတ်တော်ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်တို့က ပြန်လည်စိစစ်ခဲ့ကြပါ တယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြုခြင်းများဆောင်ရွက်ပါမယ်။ ဒီလိုဆွေးနွေး ရာမှာ ဥပဒေကြမ်းရဲ့ခေါင်းစဉ်၊ နိဒါန်းမှအစ အပိုဒ်၊ အပိုဒ်ခွဲများနှင့်ဥပဒေကြမ်းတစ်ခုလုံး ပါဝင်မှာ ဖြစ်ပါတယ်။ ယခု ပြင်ဆင်ချက်အဆိုတင်သွင်းတဲ့ ဥပဒေကြမ်းကော်မတီက သက်ဆိုင်ရာအပိုဒ်၊ အပိုဒ်ခွဲ အလိုက် ဆွေးနွေးခြင်းပြုလုပ်ပြီး လွှတ်တော်ရဲ့သဘောထားရယူ၍ ဆုံးဖြတ်အတည်ပြုခြင်း၊ အမျိုးသား လွှတ်တော်၏ ပြင်ဆင်ချက်များအနက် သဘောတူသင့်သည့်အချက်များကို အတည်ပြုခြင်းများ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ နည်းဥပဒေခွဲ(ဃ)အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များအနက် သဘောတူသင့်သည့် (၂၄)ချက်ကို ဥပဒေကြမ်းကော်မတီက တင်ပြဖို့ဖိတ်ခေါ်ပါတယ်။

**ဦးကျော်စိုးလင်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင် ပုဂ္ဂိုလ်များနှင့် ဧည့်သည်တော်များ အားလုံးမင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဥပဒေကြမ်းကော်မတီရဲ့ အတွင်းရေးမှူးကနေပြီးတော့ ကျွန်တော်တို့ ၂၀၁၃ ခုနှစ်၊

ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ အရ လွှတ်တော်မှအတည်ပြုပေးနိုင်ရန်အတွက် အဆို တင်သွင်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးကနေပြီးတော့ ပေးပို့လာတဲ့ အဂတိလိုက်စားမှုတိုက်ဖျက် ရေးဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့်ဥပဒေကို အမျိုးသားလွှတ်တော်မှာ စတင်တင်သွင်း အတည်ပြုခဲ့ပြီးတော့ ပြည်သူ့လွှတ်တော်မှာဆွေးနွေးနိုင်ရန် ပေးပို့လာခဲ့ပါတယ်။ ထိုဥပဒေကြမ်းကို ၃၀-၅-၂၀၁၈ ရက်(ဗုဒ္ဓဟူးနေ့)မှာ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာကို လွှတ်တော်သို့တင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ပြင်ဆင်ချက်အဆိုများကိုလည်း ၁-၆-၂၀၁၈ ရက်(သောကြာနေ့)နောက်ဆုံးထား၍ တင်သွင်းနိုင်ကြောင်း ကြေညာခဲ့တဲ့အတွက် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၆ ဦးကနေပြီးတော့ ဆွေးနွေးရန်နှင့် ပြင်ဆင်ချက်အဆိုများကို တင်သွင်းလာခဲ့ပါတယ်။ ဆွေးနွေးရန်နှင့် ပြင်ဆင်ချက်အဆို တင်သွင်းလာတဲ့ လွှတ်တော်ကိုယ်စားလှယ်များမှာ ဦးတင်ထွန်းနိုင် (ဆိပ်ကြီးခနောင်တိုမဲဆန္ဒနယ်)၊ ဦးတင်ထွေး(ဝေါမဲဆန္ဒနယ်)၊ ဦးဘိုကြီး(ချောက်မဲဆန္ဒနယ်)၊ ဦးဇော်ဝင်း (ထန်းတပင်မဲဆန္ဒနယ်)၊ ဦးမင်းသိန်း(တောင်တွင်းကြီးမဲဆန္ဒနယ်)နှင့် တပ်မတော်သားပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးသန့်ဇော်တို့ကနေပြီးတော့ ပြင်ဆင်ချက်အဆိုများကို တင်သွင်းလာခဲ့ ခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၄-၆-၂၀၁၈ ရက်(တနင်္လာနေ့)မှာ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီမှာ ညှိနှိုင်းအစည်းအဝေး များကို ကျင်းပပြုလုပ်ခဲ့ပြီးတော့ ညှိနှိုင်းအစည်းအဝေးမှာ ပြင်ဆင်ချက်အဆိုတင်သွင်းသူ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော်နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ၊ အဂတိလိုက်စားမှုနှင့် တိုက်ဖျက်ရေးကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်း အစည်းအဝေးကို ကျင်းပပြုလုပ်ခဲ့ကြပါတယ်။ ထိုညှိနှိုင်းအစည်းအဝေးရဲ့ သဘောတူဆုံးဖြတ်ချက် များအရ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီအား အမျိုးသားလွှတ်တော်မှ ပြင်ဆင် အတည်ပြု ခဲ့တဲ့အချက်များအနက် အချက်(၂၄)ချက်ကို အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်း သဘောတူလက်ခံခဲ့ပါတယ်။

[အမျိုးသားလွှတ်တော်၏ အတည်ပြုချက်(၂၄)ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့်အပိုဒ်ခွဲ |
|---|---|---|---|
| (က) | ၁ မှ ၃ | ၂၊ ၅ | အပိုဒ် ၁၊ အပိုဒ် ၄ |
| (ခ) | ၅ မှ ၈ | ၇၊ ၉၊ ၁၂၊ ၁၃၊ ၁၄ | အပိုဒ် ၅၊ အပိုဒ် ၇၊ အပိုဒ် ၉၊ အပိုဒ် ၁၀၊ အပိုဒ် ၁၁ |
| (ဂ) | ၉ မှ ၁၁ | ၁၆၊ ၁၇၊ ၂၀ | အပိုဒ် ၁၃၊ အပိုဒ် ၁၄၊ အပိုဒ် ၁၇ |

| | | | |
|---|---|---|---|
| (ဃ) | ၁၂ မှ ၁၆ | ၂၁၊ ၂၃၊ ၂၅၊ ၂၆ | အပိုဒ် ၁၈၊ အပိုဒ် ၂၀၊ အပိုဒ် ၂၂၊ အပိုဒ် ၂၃ |
| (င) | ၁၈ မှ ၂၁ | ၃၀၊ ၃၂၊ ၃၃၊ ၃၅ | အပိုဒ် ၂၇၊ အပိုဒ် ၂၈ {ပုဒ်မ ၄၃ ပုဒ်မခွဲ(ဂ) ပုဒ်မခွဲငယ်(၂)ကို ပြင်ဆင်ခြင်း}၊ အပိုဒ် ၂၉၊ အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၁၆{ပုဒ်မ ၄၄ ပုဒ်မခွဲ(ခ)ကို ပယ်ဖျက်ခြင်း} |
| (စ) | ၂၂ မှ ၂၄ | ၃၆၊ ၃၇၊ ၃၈၊ ၃၉ | အပိုဒ် ၃၁၊ အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၁၈ {ပုဒ်မ ၅၃ ပုဒ်မခွဲ(က)ကိုမူလပြဋ္ဌာန်းချက်အတိုင်းထားရှိခြင်း}၊ အပိုဒ် ၃၂၊ အပိုဒ် ၃၃ |
| (ဆ) | ၂၅ မှ | ၄၀၊ ၄၂၊ | အပိုဒ် ၃၄၊ အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၂၁ {ပုဒ်မ ၆၃ ကို မူလပြဋ္ဌာန်းချက်အတိုင်းထားရှိခြင်း} |

သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက သဘောတူခဲ့တဲ့ အမျိုးသားလွှတ်တော်၏ အတည်ပြုချက်(၂၄)ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက်(၂၄)ချက်ကို ဥပဒေကြမ်းကော်မတီက သဘောတူထားပါတယ်။ ဥပဒေကြမ်းကော်မတီက သဘောတူထားတဲ့(၂၄)ချက်ကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူမရှိတဲ့အတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် ဥပဒေကြမ်းကော်မတီက သဘောတူထားသည့် (၂၄)ချက်ကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း အတည်ပြုကြောင်းကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၀ နည်းဥပဒေခွဲ(ဃ)အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့် ပြင်ဆင်ချက် ၁၉ ချက်ကို တင်သွင်းဖို့ ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးကျော်စိုးလင်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ညှိနှိုင်းအစည်းအဝေးရဲ့ သဘောတူဆုံးဖြတ်ချက်အရ အမျိုးသားလွှတ်တော်၏ အတည်ပြုချက်များအတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက် (၁၉)ချက်ဖြစ်ပါတယ်။ ပြင်ဆင်ရန်တင်ပြချက်ဇယားကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။

[ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက်(၁၉)ချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။]

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့် အပိုဒ်ခွဲ |
|---|---|---|---|
| (က) | ၁ မှ ၅ | ၁၊ ၃၊ ၄၊ ၆၊ ၈ | ဥပဒေခေါင်းစီး၊ အပိုဒ် ၂၊ အပိုဒ် ၃၊ အပိုဒ် ၄ {ပုဒ်မ ၃ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ်(၂)ကို ပြင်ဆင်ခြင်း}၊ အသစ်ဖြည့်စွက်ချက်အပိုဒ် ၆ |
| (ခ) | ၆ မှ ၁၁ | ၁၀၊ ၁၁၊ ၁၅၊ ၁၈၊ ၁၉ | အမျိုးသားလွှတ်တော်၏ အတည်ပြုချက် အပိုဒ် ၇ကို မူလပြဋ္ဌာန်းချက်အတိုင်းထားရှိခြင်း၊ အပိုဒ် ၈၊ အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အပိုဒ် ၁၂ ကို အဆိုပြုပြဋ္ဌာန်းချက်အတိုင်းထားရှိခြင်း၊ အပိုဒ် ၁၅၊ အသစ်ဖြည့်စွက်ချက် အပိုဒ် ၁၆ |
| (ဂ) | ၁၃ မှ ၁၈ | ၂၂၊ ၂၄၊ ၂၇၊ ၂၈၊ ၂၉ | အပိုဒ် ၁၉၊ အပိုဒ် ၂၁၊ အပိုဒ် ၂၄၊ အပိုဒ် ၂၅၊ အပိုဒ် ၂၆ |
| (ဃ) | ၁၉ မှ ၂၇ | ၃၁၊ ၃၄၊ ၄၁၊ ၄၃ | အပိုဒ် ၂၈ {ပုဒ်မ ၄၃ ပုဒ်မခွဲ(ခ)ကို ပြင်ဆင်ခြင်း}၊ အပိုဒ် ၃၀၊ အပိုဒ် ၃၅၊ အသစ်ဖြည့်စွက်ချက် အပိုဒ် ၃၅ ကို ပယ်ဖျက်ခြင်း၊ |

သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက်(၁၉)ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရဲ့ သဘောထားပြောပါ။

**ဦးစန်းဝင်း(အတွင်းရေးမှူး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ကနေပြီးတော့ ပြင်ဆင်ပေးတဲ့ တင်ပြချက် ဒီ(၁၉)ချက်ရယ် ပထမအတည်ပြုတဲ့(၂၄)ချက်ရယ်ကို ကျွန်တော်တို့ ကော်မရှင်အနေနဲ့ သဘောတူကြောင်းတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့် ပြင်ဆင်ချက်(၁၉)ချက်အား အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူမရှိတဲ့အတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်(၁၉)ချက်သည် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်များအတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က ပြင်ဆင်ခြင်းမပြုတဲ့အပိုဒ်၊ အပိုဒ်ခွဲများကို မူလအဆိုပြုချက်အတိုင်း အတည်ပြုသွားမှာဖြစ်ပါတယ်။ ဒီနေရာမှာ လွှတ်တော်ရဲ့ပြင်ဆင်အတည်ပြုချက်များကြောင့် ပြောင်းလဲသွားတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ်များကိုလည်း တပါတည်းအတည်ပြုချက်ရယူသွားမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့်အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူမရှိတဲ့အတွက် အမျိုးသားလွှတ်တော်မှာ စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့်အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ပေးပို့လာတဲ့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၂၀၀ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၃)ရက်မြောက်နေ့ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကိုရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို ၂၀၁၈ ခုနှစ်၊ ဇွန်လ ၈ ရက် (သောကြာနေ့) နံနက် ၁၀ နာရီမှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊၁၁း၅၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို ၁၁း၅၀ နာရီ အချိန်တွင်ရပ်နားပါသည်။]

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့ (၆.၆.၂၀၁၈) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ



U Myint Aung — U Khin Zaw



U Hla Kyaw — U Aung Thike



U Hla Kyaw — U Thaung Aye



U Hla Kyaw — U Tin Ko Ko Oo



U Pe Than — U Hla Kyaw



U Hla Kyaw — U Kyaw Htay

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်